KM 192433 16/3/2010

NATIONAL LIBRARY OF AUSTRALIA

# မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ
# လုပ်ထုံးလုပ်နည်းများ

(နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများ)

## မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ
## (နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများ)

### မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း | ၁ |
| | **အခန်း (၁)** | |
| ၂။ | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| | **အခန်း (၂)** | |
| | နိုင်ငံသားဖြစ်ခြင်း | |
| ၃။ | မြန်မာနိုင်ငံသားများ | ၀ |
| ၄။ | တိုင်းရင်းသားဖြစ်သည် မဖြစ်သည်ကို ဆုံးဖြတ်ခြင်း | ၇ |
| ၅။ | နိုင်ငံတော်အတွင်း မွေးဖွားသော နိုင်ငံသားအတွက် မွေးဖွားကြောင်း မှတ်ပုံတင်ခြင်း၊ မိဘ၏ နိုင်ငံသား လက်မှတ်တွင် အမည် ထည့်သွင်းခြင်း၊ သေဆုံးကြောင်း အကြောင်းကြားခြင်း၊ နိုင်ငံသားလက်မှတ်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား လဲလှယ်ပေးခြင်း | ၈ |
| ၆။ | နိုင်ငံတော် ပြင်ပတွင် မွေးဖွားသော နိုင်ငံသားအတွက် မွေးဖွားကြောင်း မှတ်ပုံတင်ခြင်း၊ မိဘ၏ နိုင်ငံသား လက်မှတ်တွင် အမည်ထည့်သွင်းခြင်း၊ သေဆုံးကြောင်း အကြောင်းကြားခြင်း၊ နိုင်ငံသား လက်မှတ်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား လဲလှယ်ပေးခြင်း | ၃၈ |
| ၇။ | ဥပဒေ ပြဋ္ဌာန်းချက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်သည့်အတွက် ဒဏ်ငွေကို ဖြစ်စေ၊ ကုန်ကျစရိတ် ကိုဖြစ်စေ ပေးဆောင်ခြင်း | ၆၂ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | အသက် တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား၊ နိုင်ငံသားလက်မှတ်၊ နိုင်ငံသား စိစစ်ရေး ကတ်ပြား ကိုင်ဆောင်သူများက လိုက်နာရန် စည်းကမ်းများ | ၆၉ |
| ၉။ | နိုင်ငံတော်အတွင်း နေထိုင်သော နိုင်ငံသား တစ်ဦး၏ ကတ်ပြားဖြစ်စေ၊ လက်မှတ်ဖြစ်စေ ပျောက်ဆုံး ပျက်စီး သည့်အခါ မိတ္တူထုတ်ပေးရန် ဆောင်ရွက်ခြင်း | ၇၁ |
| ၁၀။ | နိုင်ငံတော်ပြင်ပတွင် နေထိုင်သော နိုင်ငံသားတစ်ဦး၏ ကတ်ပြားဖြစ်စေ၊ လက်မှတ်ဖြစ်စေ ပျောက်ဆုံး ပျက်စီး သည့်အခါ မိတ္တူထုတ်ပေးရန် ဆောင်ရွက်ခြင်း | ၇၈ |
| ၁၁။ | နိုင်ငံတော် အတွင်း နေထိုင်သူ၏ ကတ်ပြား ဖြစ်စေ၊ လက်မှတ်ဖြစ်စေ ဟောင်းနွမ်း ဆွေးမြည့် မထင်မရှား ဖြစ်သည့်အခါ မိတ္တူထုတ်ပေးရန် ဆောင်ရွက်ခြင်း | ၈၃ |
| ၁၂။ | နိုင်ငံတော်ပြင်ပတွင် နေထိုင်သူ၏ ကတ်ပြား ဖြစ်စေ၊ လက်မှတ်ဖြစ်စေ ဟောင်းနွမ်း ဆွေးမြည့် မထင်မရှား ဖြစ်သည့်အခါ မိတ္တူထုတ်ပေးရန် ဆောင်ရွက်ခြင်း | ၈၉ |
| ၁၃။ | နိုင်ငံသားတစ်ဦး၏ တာဝန်နှင့် အခွင့်အရေးများ | ၉၅ |
| ၁၄။ | နိုင်ငံသား တစ်ဦးသည် အခြားနိုင်ငံ၏ နိုင်ငံသား အဖြစ်ကိုပါ တချိန်တည်းတွင် ခံယူခွင့် မရှိခြင်း | ၉၅ |
| ၁၅။ | နိုင်ငံသား တစ်ဦးသည် နိုင်ငံတော် ပါဝင်နေသော စစ်မက်ကာလအတွင်း နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခွင့် မရှိခြင်း | ၉၅ |
| ၁၆။ | နိုင်ငံသားအဖြစ်ကို အလိုအလျောက် မရရှိခြင်း | ၉၅ |
| ၁၇။ | နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်း | ၉၆ |
| ၁၈။ | နိုင်ငံတော် အတွင်းသို့ မတရားသော နည်းလမ်းဖြင့် ဝင်ရောက်လာသူများနှင့် မဟုတ် မမှန် ဖော်ပြခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းဖြင့် နိုင်ငံသားအဖြစ် ရရှိထားသူ များကို အရေးယူခြင်း | ၉၇ |





| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉။ | နိုင်ငံတော်အတွင်း နေထိုင်သော နိုင်ငံသားအဖြစ်မှ ရုပ်စဲခံရသူ၊ ရုပ်သိမ်းခံရသူ၏ နိုင်ငံသား လက်မှတ်ကို ပယ်ဖျက်ခြင်း | ၁၀၀ |
| ၂၀။ | နိုင်ငံတော်ပြင်ပတွင် နေထိုင်သော နိုင်ငံသားအဖြစ်မှ ရုပ်စဲခံရသူ၊ ရုပ်သိမ်းခံရသူ၏ နိုင်ငံသား လက်မှတ်ကို ပယ်ဖျက်ခြင်း | ၁၀၁ |
| ၂၁။ | ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၁၀၂ |


## အခန်း (၃)

### နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသား ပြုခွင့်ရသူ ဟုတ် မဟုတ် အဆုံးအဖြတ်ခံယူခြင်း


| | | |
|---|---|---|
| ၂၂။ | အဆုံးအဖြတ်ခံယူရန် ဗဟိုအဖွဲ့ထံသို့ လျှောက်ထားခြင်း | ၁၀၃ |
| ၂၃။ | စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခြင်း | ၁၀၅ |


## အခန်း (၄)

### ဗဟိုအဖွဲ့


| | | |
|---|---|---|
| ၂၄။ | ဗဟိုအဖွဲ့ကို ဖွဲ့စည်းခြင်း | ၁၀၆ |
| ၂၅။ | ဗဟိုအဖွဲ့၏ လုပ်ပိုင်ခွင့်များ | ၁၀၆ |


## အခန်း (၅)

### အယူခံခြင်း


| | | |
|---|---|---|
| ၂၆။ | အယူခံခြင်း | ၁၀၇ |


## အခန်း (၆)

### အထွေထွေ


| | | |
|---|---|---|
| ၂၇။ | အထွေထွေ | ၁၀၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ပုံစံများ** | |
| | **အထွေထွေပုံစံများ** | |
| ၂၈။ | ကလေးမွေးဖွားခြင်း မှတ်ပုံတင်စာအုပ် ထွေ-၁ | ၁၁၁ |
| ၂၉။ | မွေးဖွားကြောင်း အထောက်အထား လက်မှတ် ထွေ-၁ (က) | ၁၁၂ |
| ၃၀။ | သေဆုံးခြင်း မှတ်ပုံတင် စာအုပ် ထွေ-၂ | ၁၁၃ |
| ၃၁။ | သေဆုံးကြောင်း အထောက်အထားလက်မှတ် ထွေ-၂ (က) | ၁၁၄ |
| ၃၂။ | မွေးဖွားသူနှင့် သေဆုံးသူတို့၏ စာရင်းကို ပေးပို့ခြင်း ထွေ-၃ (နိုင်ငံတော်အတွင်း) | ၁၁၅ |
| ၃၃။ | မွေးဖွားသူနှင့် သေဆုံးသူတို့၏ စာရင်းကို ပေးပို့ခြင်း ထွေ-၃ (နိုင်ငံတော်ပြင်ပ) | ၁၁၆ |
| ၃၄။ | ပျောက်ဆုံး ပျက်စီးခြင်းအတွက် အကြောင်းအရာ ဖော်ပြချက်မှတ်တမ်း ထွေ-၄ | ၁၁၇ |
| ၃၅။ | ပျောက်ဆုံး ပျက်စီး ဟောင်းနွမ်း ဆွေးမြည့် မထင်မရှား ဖြစ်ခြင်းအတွက် ကတ်ပြား၊ လက်မှတ်မိတ္တူ ထုတ်ပေးသည့် မှတ်ပုံတင်စာအုပ် ထွေ-၅ | ၁၂၀ |
| ၃၆။ | ရုပ်ရဲ ရုပ်သိမ်းခြင်း ခံရသဖြင့် ကတ်ပြား၊ လက်မှတ် ပယ်ဖျက်ပြီးကြောင်း မှတ်ပုံတင်စာအုပ် ထွေ-၆ | ၁၂၀ |
| | **နိုင်ငံသား ပုံစံများ** | |
| ၃၇။ | အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ထုတ်ပေးရန် လျှောက်ထားသူများ၏ လျှောက်လွှာ လက်ခံရရှိသည့် မှတ်ပုံတင် စာအုပ် နိုင်-၁ | ၁၂၂ |
| ၃၈။ | နိုင်ငံသား၏ ကိုယ်ရေးမှတ်တမ်း နိုင်-၂ | ၁၂၃ |





| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၉။ | အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား နိုင်-၃ နှင့် အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား နိုင်-၃ (က) | ၁၄၅ |
| ၄၀။ | အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ် နိုင်-၄ | ၁၄၆ |
| ၄၁။ | အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား၊ စိစစ်ရေး ကတ်ပြားနှင့် နိုင်ငံသား လက်မှတ်၊ စိစစ်ရေးကတ်ပြား လဲလှယ် ထုတ်ပေးရန် လျှောက်ထားချက် လက်ခံရရှိသည့် မှတ်ပုံတင်စာအုပ် နိုင်-၅ | ၁၄၇ |
| ၄၂။ | နိုင်ငံသား လက်မှတ် နိုင်-၆ နှင့် နိုင်ငံသား စိစစ်ရေး ကတ်ပြား နိုင်-၆ (က) | ၁၄၈ |
| ၄၃။ | နိုင်ငံသား လက်မှတ်၊ နိုင်ငံသား စိစစ်ရေး ကတ်ပြား ပေးပို့ခြင်း၊ လက်ခံရရှိခြင်း၊ ထုတ်ပေးခြင်းနှင့် ပြန်လည်တင်ပြခြင်း မှတ်ပုံတင်စာအုပ် နိုင်-၇ | ၁၄၉ |
| ၄၄။ | နိုင်ငံတော်ပြင်ပတွင် ကလေးမွေးဖွားခြင်း မှတ်တမ်း နိုင်-၈ | ၁၅၀ |
| ၄၅။ | ဒဏ်ငွေ၊ အခငွေ၊ ကုန်ကျစရိတ်ငွေ ရရှိမှုမှတ်ပုံတင်စာအုပ် (နိုင်ငံသား) နိုင်-၉ | ၁၅၁ |
| ၄၆။ | လုပ်နည်းပြဇယားများ | နောက်ဆက်တွဲ (က) |

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

ဝန်ကြီးအဖွဲ့

အမိန့်ကြော်ငြာစာအမှတ် ၁၃/၇၃

ရန်ကုန်မြို့၊ ၁၃၃၅-ခု၊ တော်သလင်းလဆန်း ၁၄-ရက်

(၁၉၇၃-ခု၊ စက်တင်ဘာလ ၂၀ ရက်)

## မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ
## (နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများ)

### နိဒါန်း

မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၇၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့် အောက်ပါ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို မြန်မာနိုင်ငံသား ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းများ)ဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံသားဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်—

(က) ဥပဒေ ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေကို ဆိုသည်၊

(ခ) ပြည်နယ်နှင့်တိုင်း ဦးစီးဌာနမှူး ဆိုသည်မှာ ပြည်နယ်နှင့်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှူးကို ဆိုသည်၊

(ဂ) မြို့နယ်ဦးစီးဌာနမှူးဆိုသည်မှာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှူးကို ဆိုသည်။

### အခန်း (၂)
### နိုင်ငံသား ဖြစ်ခြင်း

**မြန်မာနိုင်ငံသားများ**

၃။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်တွင် ပါဝင်သော နယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ် မတိုင်မီ ကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် ဥပဒေပုဒ်မ ၃ အရ မြန်မာနိုင်ငံသားများ ဖြစ်သည်။

၄။ ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်မြန်မာစစ်ပွဲ ဖြစ်ပွားခဲ့ပါသည်။ ထိုကာလ၏ နောက်ပိုင်းတွင် နိုင်ငံခြားသား အများအပြား နိုင်ငံတော်အတွင်းသို့ ဝင်ရောက် နေထိုင် လာခဲ့ကြသည်။ ထို့ကြောင့် မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ်မတိုင်မီကာလကို ပိုင်းခြားသတ်မှတ်ခြင်းဖြစ်သည်။

၅။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်လူမျိုးများ ပင် ဖြစ်စေကာမူ နိုင်ငံတော်တွင် ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခြင်းမရှိဘဲ အခြားနိုင်ငံတွင် ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ကြသူများသည် တိုင်းရင်းသား များ မဟုတ်ပါ။ ၁၈၂၃ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်အတွင်းသို့ ဝင်ရောက် နေထိုင်ကြသော အမည်တူမျိုးနွယ်စုများသည်လည်း တိုင်းရင်းသားများ မဟုတ် သည့်အပြင် မွေးရာပါနိုင်ငံသားများလည်း မဟုတ်ပါ။ အခြားနိုင်ငံတစ်ခု၏ နိုင်ငံသားအဖြစ်ကို ခံယူထားသော တိုင်းရင်းသားသည်လည်းကောင်း၊ ထိုသို့ သော တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများသည်လည်းကောင်း မြန်မာ နိုင်ငံသားများ မဟုတ်ပါ။


၆။ တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည်လည်းကောင်း ဥပဒေပုဒ်မ ၃ အရ မွေးရာပါ နိုင်ငံသား ဖြစ်သည်။

၇။ အခြေခံဥပဒေပုဒ်မ ၁၄၅ ပုဒ်မခွဲ(က)အရ အခြေခံဥပဒေ အာဏာတည် သည့်နေ့တွင် နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားများ ဖြစ်ကြသည်။ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရသော်လည်း ကောင်း၊ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားအဖြစ် (ရွေးချယ်ရေး) အက်ဥပဒေအရသော်လည်းကောင်း မြန်မာနိုင်ငံသားဥပဒေ အာဏာတည် သည့် ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မတိုင်မီ နိုင်ငံသားဖြစ်လာသူ များရှိကြသည်။ ထိုသူများသည် မွေးရာပါ နိုင်ငံသားများ မဟုတ်ပါ။ ထိုသို့ မွေးရာပါနိုင်ငံသားမဟုတ်ပဲ နိုင်ငံသားဖြစ်လာကြသူများသည်လည်း နိုင်ငံသား များဖြစ်ကြောင်း ဥပဒေပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ သို့ရာတွင် ထိုသူများသည် ဥပဒေပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်နှင့်ငြိစွန်းလျှင် ယင်းပုဒ်မ ၁၈ အရ အရေးယူခြင်းခံရမည်။


၈။ ဥပဒေအာဏာတည်သည့် ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှ စ၍ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ နိုင်ငံတော် ပြင်ပ၌ဖြစ်စေ မွေးဖွားသည့် အောက်ပါသူတို့သည်လည်း ဥပဒေပုဒ်မ ၇ အရ နိုင်ငံသားများ ဖြစ်ကြသည်—




(က) နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူများ၊




(ခ) နိုင်ငံသားနှင့်ဧည့်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူများ၊




(ဂ) နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ၊




(ဃ) ဧည့်နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့်—

(၁) နိုင်ငံသား သို့မဟုတ်

(၂) ဧည့်နိုင်ငံသား သို့မဟုတ်

(၃) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ၊




ရှင်းလင်းချက်။ ဧည့်နိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားသည့်သားသမီးသည် ဧည့်နိုင်ငံသားအဖြစ် ရရှိရေးအတွက် ဥပဒေပုဒ်မ ၂၅ အရ အမည်ထည့်သွင်းပေးရန် မိဘက လျှောက်ထားရမည်။ နိုင်ငံသားဖြစ်လာသည့် ထို သားသမီးသည် အမိဘက်မှသော် လည်းကောင်း၊ အဖ ဘက်မှသော် လည်းကောင်း ရေတွက်လျှင် ဧည့်နိုင်ငံသား တတိယ မျိုးဆက် (မြေး) ဖြစ်ရမည်။




(င) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့်—

(၁) နိုင်ငံသား သို့မဟုတ်

(၂) ဧည့်နိုင်ငံသား သို့မဟုတ်

(၃) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ၊





ရှင်းလင်းချက်။ နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသည့် သားသမီးသည် နိုင်ငံသားပြုခွင့်ရသူအဖြစ် ရရှိရေးအတွက် ဥပဒေပုဒ်မ ၄၇ အရ အမည်ထည့်သွင်းပေးရန် မိဘက လျှောက်ထားရမည်။ ထိုသို့ လျှောက်ထားသဖြင့် နိုင်ငံသားပြုခွင့်ရသူနှင့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသောသားသမီးသည် နိုင်ငံသားဖြစ်သည်။ နိုင်ငံသားဖြစ်သည့် ထိုသားသမီးသည် အမိဘက်မှသော်လည်းကောင်း၊ အဖ ဘက်မှသော်လည်းကောင်း ရေတွက်လျှင် နိုင်ငံသားပြုခွင့်ရသူ တတိယမျိုးဆက် (မြေး) ဖြစ်ရမည်။

(စ) ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့်—

(၁) နိုင်ငံသား သို့မဟုတ်

(၂) ဧည့်နိုင်ငံသား သို့မဟုတ်

(၃) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ၊




ရှင်းလင်းချက်။ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသည့် သားသမီးသည် နိုင်ငံသားပြုခွင့်ရသူအဖြစ် ရရှိရေးအတွက် ဥပဒေပုဒ်မ ၄၇ အရ အမည်ထည့်သွင်းပေးရန် မိဘက လျှောက်ထားရမည်။ ထိုသို့ လျှောက်ထားသဖြင့် နိုင်ငံသားပြုခွင့်ရသူနှင့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသော သားသမီးသည် နိုင်ငံသားဖြစ်သည်။ နိုင်ငံသားဖြစ်သည့် ထိုသားသမီးသည် အမိဘက်မှသော် လည်းကောင်း၊ အဖဘက်မှသော် လည်းကောင်း ရေတွက်လျှင် နိုင်ငံသား ပြုခွင့်ရသူ တတိယမျိုးဆက် (မြေး) ဖြစ်ရမည်။



တိုင်းရင်းသားဖြစ်သည် မဖြစ်သည်ကို ဆုံးဖြတ်ခြင်း

၉။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဟု သတ်မှတ်ထားသော နယ်မြေအတွင်းကွင်း မိမိတို့၏ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သည့် တိုင်းရင်းသားများ ရှိကြသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော လူမျိုးများမှာ အစဉ်အလာအရ ထင်ရှားနေပြီဖြစ်သည့် တိုင်းရင်းသားများ ဖြစ်ကြသည်။ တိုင်းရင်းသားဖြစ်သော အခြားလူမျိုးနှင့် မျိုးနွယ်စုများသည် အများအပြားရှိကြသေးသည်။ ထိုမျိုးနွယ်စုများသည် တိုင်းရင်းသားဖြစ်သည် မဖြစ်သည်ကို ဥပဒေပုဒ်မ ၄ အရ နိုင်ငံတော်ကောင်စီက ဆုံးဖြတ်နိုင်သည်။

၁၀။ (က) ဥပဒေပုဒ်မ ၂၉ သို့မဟုတ် ပုဒ်မ ၅၁ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရ မိဘနှစ်ပါးလုံး သို့မဟုတ် တစ်ပါးပါးသည် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ်ကို ဆုံးရှုံးပါက ထိုသူတို့၏ ဧည့်နိုင်ငံသားလက်မှတ်၊ နိုင်ငံသားပြုခွင့်လက်မှတ်တွင် အမည် ထည့်သွင်းပေးခြင်းခံရသည့် အသက် ဆယ်ရှစ်နှစ် မပြည့်သေးသောသားသမီးနှင့် အသက်ဆယ့်ရှစ်နှစ်ပြည့်ပြီး ဖြစ်သော်လည်း ကတိသစ္စာမပြုရသေးသော သားသမီးသည် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူအဖြစ်မှ ရပ်စဲသည်၊

(ခ) အပိုဒ်ခွဲ(က)ပါ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ်မှ ရပ်စဲခြင်းခံရသော သားသမီးမှ မွေးဖွားသူ (မြေး) သည့်လည်း နိုင်ငံသားအဖြစ်ကို မရရှိပါ။

၁၁။ နိုင်ငံတော်ကောင်စီသည် နိုင်ငံတော်၏အကျိုးကိုရှေးရှု၍ မည်သူကိုမဆို နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ အဖြစ် ဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(က)အရ သတ်မှတ်နိုင်သည်။ မွေးရာပါနိုင်ငံသားမှ အပ မည်သူကိုမဆို နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ်မှ ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ရုပ်သိမ်းနိုင်သည်။

နိုင်ငံတော်အတွင်း မွေးဖွားသော နိုင်ငံသားကလေး မွေးဖွားကြောင်း မှတ်ပုံတင်ခြင်း၊ မိဘ၏ နိုင်ငံသား လက်မှတ်တွင် အမည်ထည့်သွင်းခြင်း၊ သေဆုံးကြောင်း အကြောင်းကြားခြင်း၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း၊ နိုင်ငံသားလက်မှတ်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား လဲလှယ်ပေးခြင်း

၁၂။ နိုင်ငံတော်အတွင်း၌ မွေးဖွားသော နိုင်ငံသား တစ်ဦးအတွက် မိဘ သို့မဟုတ် အုပ်ထိန်းသူက မွေးဖွားကြောင်း မှတ်ပုံတင်ခြင်း၊ မိဘ၏ နိုင်ငံသား လက်မှတ်တွင် အမည်ထည့်သွင်းခြင်း၊ သေဆုံးကြောင်း အကြောင်းကြားခြင်း၊ အသက်တစ်ဆယ်နှစ်ပြည့်သဖြင့် မှတ်ပုံတင်ခြင်း၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးခြင်း၊ အသက်တစ်ဆယ်နှစ်ပြည့်ပြီးနောက်တွင် ဆယ်နှစ်အတွင်း နိုင်ငံသားလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ထုတ်ပေးခြင်းတို့နှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) မွေးဖွားကြောင်း မှတ်ပုံတင်ခြင်း၊ မိဘ၏ နိုင်ငံသားလက်မှတ်တွင် အမည်ထည့်သွင်းခြင်း၊ သေဆုံးကြောင်း အကြောင်းကြားခြင်း

(၁) မိဘ သို့မဟုတ် အုပ်ထိန်းသူက လိုက်နာရန်

(ကက) ကလေး မွေးဖွားသည့်အခါ မွေးဖွားသည့် နေ့မှစ၍ ခုနစ်ရက်အတွင်း မိဘ သို့မဟုတ် အုပ်ထိန်းသူသည် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ပြည်သူ့ကောင်စီရုံးသို့ မွေးစာရင်းနှင့်အတူ စာဖြင့်ဖြစ်စေ၊ ကိုယ်တိုင်သွားရောက်၍ ဖြစ်စေ အကြောင်းကြားရမည်။ မွေးစာရင်း မပါရှိပါက မည်သူက မွေးဖွားပေးကြောင်း ဖော်ပြ၍ စာဖြင့် ဖြစ်စေ၊ ကိုယ်တိုင် သွားရောက်၍ ဖြစ်စေ အကြောင်းကြားရမည်၊

(ခခ) မိဘ၏ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ကလေး၏ အမည်ကို ထည့်သွင်းပေးရန် မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မြို့နယ် ဦးစီးဌာနမှူး ရုံးထံသို့ လျှောက်ထားရမည်။ လျှောက်လွှာနှင့်အတူ မိဘ၏ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ မွေးဖွားကြောင်း အထောက်အထားလက်မှတ် ပုံစံ ထွေ-၁ (က)၊



အိမ်ထောင်စုစာရင်းတို့ကို ပေးအပ်ရမည်။လက်ခံ ရရှိကြောင်း ပြေစာကို တောင်းခံရမည်၊

(ဂဂ) မြို့နယ် ဦးစီးဌာနမှူးက အကြောင်းကြားသည့် အခါ ကလေးအမည်ကို ထည့်သွင်းထားသည့် မိဘ၏နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊အိမ်ထောင် စုစာရင်းတို့ကို မိဘ သို့မဟုတ် အုပ်ထိန်းသူ ကိုယ် တိုင်သွားရောက်၍ လက်မှတ်ရေးထိုး ထုတ်ယူ ရမည်၊

(ဃဃ) အသက်တစ်ဆယ်နှစ်မပြည့်မီကလေးသေဆုံးသည့် အခါ သေဆုံးသည့်နေ့မှစ၍ခုနစ်ရက်အတွင်း မိဘ သို့မဟုတ်အုပ်ထိန်းသူသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီရုံး ထံသို့ စာဖြင့်ဖြစ်စေ၊ ကိုယ်တိုင်သွားရောက်၍ ဖြစ်စေ အကြောင်းကြားရမည်၊

(ငင) ကလေး မွေးဖွားသည့် အခါ သို့မဟုတ် သေဆုံး သည့်အခါ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မွေးဖွားကြောင်း အထောက်အထား လက်မှတ် ပုံစံ ထွေ-၁ (က) သို့မဟုတ် သေဆုံးကြောင်း အထောက်အထား လက်မှတ် ပုံစံ ထွေ-၂ (က) အတွက် ငွေ တစ်ကျပ်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု ပြည်သူ့ ကောင်စီရုံးတွင် ပေး သွင်းရမည်။ ပြေစာကို တောင်း ခံ ရမည်။ မွေးဖွားကြောင်း အထောက်အထား လက်မှတ် ပုံစံ ထွေ-၁ (က)တွင် ကလေး၏ လက်ဗွေပုံစံများ နှင့် ခြေဗွေပုံစံများကို နှိပ်ရမည်၊

(၂) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ် အမှုဆောင်အဖွဲ့က ဆောင်ရွက်ရန်

(ကက) ကလေး မွေးဖွားကြောင်း မှတ် ပုံ တင် ရန် မိဘ သို့မဟုတ် အုပ်ထိန်းသူထံမှ အကြောင်းကြား ချက်ကို ရရှိသည့်အခါ ပုံစံ ထွေ-၁ မှတ်ပုံတင် စာအုပ်တွင် လည်းကောင်း၊ သေဆုံးကြောင်း အကြောင်းကြားချက်ကိုရရှိသည့်အခါ ပုံစံ ထွေ-၂

မှတ်ပုံတင်စာအုပ်တွင် လည်းကောင်း ရေးသွင်းရမည်။ မွေးဖွားခြင်းဖြစ်ပါက မွေးဖွားကြောင်း အထောက်အထား လက်မှတ် ပုံစံ ထွေ-၁ (က) အတွက်လည်းကောင်း၊ သေဆုံးခြင်း ဖြစ်ပါက သေဆုံးကြောင်း အထောက်အထားလက်မှတ် ပုံစံ ထွေ-၂ (က) အတွက်လည်းကောင်း ငွေတစ်ကျပ် ပေးသွင်းပြီးကြောင်း ပြေစာ တင်ပြစေရမည်။ ပြေစာကို တင်ပြနိုင်မှသာ မွေးဖွားကြောင်း အထောက်အထား လက်မှတ် ပုံစံ ထွေ-၁ (က)ကို ဖြစ်စေ၊ သေဆုံးကြောင်း အထောက်အထား လက်မှတ် ပုံစံ ထွေ-၂ (က)ကို ဖြစ်စေ မိဘ သို့မဟုတ် အုပ်ထိန်းသူအား ထုတ်ပေးရမည်။ မွေးဖွားကြောင်း အထောက်အထားလက်မှတ် ပုံစံ ထွေ-၁ (က)တွင် ကလေး၏ လက်မွေ့ပုံစံများနှင့် ခြေမွေ့ပုံစံများကို နှိပ်စေရမည်၊

(ခခ) အသက်တစ်ဆယ်နှစ်ပြည့်သည့်နေ့မှ စ၍ တစ်နှစ်အတွင်း မှတ်ပုံတင်ပေးရန် လျှောက်ထားရမည် ဖြစ်ကြောင်း၊ လိုက်နာရန် ပျက်ကွက်ပါက တစ်နှစ်လျှင် ဒဏ်ငွေကျပ် ငါးဆယ်ကျစီ ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ငါးနှစ်ဆက်တိုက် ပျက်ကွက်ပါက ဒဏ်ငွေကျပ် တစ်ထောင် ပေးဆောင်ရမည် ဖြစ်ကြောင်း မိဘ သို့မဟုတ် အုပ်ထိန်းသူကို ကြိုတင်အသိပေးရမည်၊

(ဂဂ) ကလေးမွေးဖွားခြင်း၊ သေဆုံးခြင်းတို့ကို အထောက်အထား လက်မှတ်များနှင့် အတူ တစ်လလျှင် တစ်ကြိမ် ပုံစံထွေ-၃ ကို သက်ဆိုင်သည့် အထောက် အထား များ ပူးတွဲ၍ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ထံသို့ ပေးပို့ရမည်၊

(၃) မြို့နယ်ဦးစီးဌာနမှူးက ဆောင်ရွက်ရန်

(ကက) မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ထံမှ ပေးပို့သော ပုံစံထွေ-၃ နှင့် အတူ သက်ဆိုင်သည့်



အထောက်အထားများကို လက်ခံရရှိသည့်အခါ မွေးဖွားခြင်း ဖြစ်ပါက ပုံစံ ထွေ-၁ မှတ်ပုံတင်စာအုပ်တွင်လည်းကောင်း၊ သေဆုံးခြင်းဖြစ်ပါက ပုံစံ ထွေ-၂ မှတ်ပုံတင် စာအုပ်တွင်လည်းကောင်း ရေးသွင်းရမည်၊

(ခခ) မွေးဖွားကြောင်း အထောက်အထား လက်မှတ်၊ အိမ်ထောင်စုစာရင်းတို့နှင့် အတူ လာရောက်ရန် မိဘ သို့မဟုတ် အုပ်ထိန်းသူထံသို့ အကြောင်းကြားရမည်၊

(ဂဂ) ကလေးမွေးဖွားခြင်း၊ သေဆုံးခြင်းတို့ကို မိဘ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် ရေးသွင်းရမည်။ သေဆုံးခြင်းဖြစ်ပါက ကလေး၏အမည်ကို မိဘ၏အိမ်ထောင်စုစာရင်းမှ ပယ်ဖျက်ရမည်။ မွေးဖွားကြောင်း သို့မဟုတ် သေဆုံးကြောင်း အထောက်အထား လက်မှတ်များကို မိဘ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် ပူးတွဲထားရမည်၊

(ဃဃ) မိဘက ကလေး၏အမည်ကို ထည့်သွင်းပေးရန် လျှောက်ထားသည့် အခါ မိဘ၏ နိုင်ငံသား လက်မှတ် ပုံစံနိုင်-၆၊ မွေးဖွားကြောင်း အထောက် အထား လက်မှတ် ပုံစံ ထွေ-၁ (က)၊ အိမ်ထောင်စုစာရင်းတို့ ပါ မပါ စိစစ်ပြီးနောက် အမှုတွဲကို မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ထံသို့ တင်ပြရမည်၊

(ငင) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ သဘောထားမှတ်ချက်ကို ရရှိသည့်အခါ ယင်း သဘောထားမှတ်ချက်နှင့်အတူ မိဘ၏နိုင်ငံသား လက်မှတ် ပုံစံနိုင်-၆၊ မွေးဖွားကြောင်း အထောက် အထားလက်မှတ် ပုံစံထွေ-၁ (က)၊ အိမ်ထောင်စု စာရင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်။ မိတ္တူကို ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ ပေးပို့ရမည်၊

(စစ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီး ဌာနက ကလေး၏အမည်ကို ထည့်သွင်းထားသော မိဘ၏နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ အိမ်ထောင်စု စာရင်းတို့ကို ပြန်လည် ပေးပို့သည့်အခါ ထိုနိုင်ငံ သားလက်မှတ်နှင့် အိမ်ထောင်စုစာရင်းတို့ကို မိဘ အား လက်မှတ်ရေးထိုးစေပြီးနောက် ထုတ်ပေး ရမည်။ ကလေး၏အမည်ကို မိဘ၏ အိမ်ထောင်စု စာရင်းတွင် ရေးသွင်းပေးရမည်၊

(ဆဆ) ကလေးမွေးဖွားသည့်အခါ မွေးဖွားသည့်နေ့မှစ၍ နှစ်ရက်အတွင်း မိဘ သို့မဟုတ် အုပ်ထိန်းသူက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ထံသို့ အကြောင်းကြားရမည်ဖြစ်ကြောင်း ကြိုတင်အသိ ပေးရမည်၊

(ဇဇ) အသက်တစ်ဆယ်နှစ်ပြည့်လာမည့် ကလေးများ အတွက် အသက်တစ်ဆယ်နှစ်ပြည့်သည့်နေ့မှစ၍ တစ်နှစ်အတွင်း မှတ်ပုံတင်ရမည် ဖြစ်ကြောင်း မိဘ သို့မဟုတ် အုပ်ထိန်းသူကို ကြိုတင် အသိ ပေးရမည်၊

(ဈဈ) မွေးဖွားသူ၊ သေဆုံးသူများ၏ စာရင်းကို လည်းကောင်း၊ မိဘ၏ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် အမည်ထည့်သွင်းပေးပြီးသည့်ကလေး များ၏ စာရင်းကိုလည်းကောင်း တစ်လလျှင်တစ် ကြိမ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့ ပေးပို့ရမည်။ မိတ္တူကို သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ ပေးပို့ရမည်၊

(၄) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ရန်

(ကက) ရပ်ကွက် သို့မဟုတ်ကျေးရွာအုပ်စုပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များက ပေးပို့သော ပုံစံ ထွေ-၃နှင့်အတူ သက်ဆိုင်သည့်အထောက်အထား များကို လက်ခံရရှိသည့်အခါ ဆက်လက် ဆောင် ရွက်ရန် အသေးစိတ်မှတ်ချက်နှင့်အတူ မြို့နယ် ဦးစီးဌာနမှူးရုံးထံသို့ ပေးပို့ရမည်၊



(ခခ) မိဘ၏နိုင်ငံသားလက်မှတ် ပုံစံနိုင်-၆တွင် ကလေး ၏ အမည်ထည့်သွင်းပေးရန် လျှောက်ထားချက် နှင့်ပတ်သက်၍ အမှုတွဲအပြည့်အစုံကို စိစစ်တွေ့ရှိ ချက်နှင့်အတူ မြို့နယ်ဦးစီးဌာနမှူးက တင်ပြသည့် အခါ ထောက်ခံမှတ်ချက်ပေးရမည်၊

(ဂဂ) ကလေးမွေးဖွားသည့်အခါတွင်ဖြစ်စေ၊ အသက် တစ်ဆယ်နှစ်ပြည့်မီ သေဆုံးသည့်အခါတွင် ဖြစ်စေ မိဘ သို့မဟုတ် အုပ်ထိန်းသူက အကြောင်း ကြားရေးကိစ္စနှင့် ပတ်သက်၍ ညွှန်ကြားရန် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့များကို ညွှန်ကြားရမည်။ မွေးဖွားသူ၊ သေဆုံးသူများ၏ စာရင်းပြုစုထား ရှိခြင်းကို ကြပ်မတ်ရမည်၊

(ဃဃ) အသက် တစ်ဆယ်နှစ်ပြည့်သည့် ကလေးတိုင်းကို အသက်တစ်ဆယ်နှစ်ပြည့်သည့်နေ့မှ စ၍ တစ်နှစ် အတွင်း မှတ်ပုံတင်ရမည်ဖြစ်ကြောင်း၊ လိုက်နာရန် ပျက်ကွက်ပါက တစ်နှစ်လျှင် ဒဏ်ငွေကျပ်ငါးဆယ် ကျစီ ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ငါးနှစ်ဆက် တိုက်ပျက်ကွက်ပါက ဒဏ်ငွေကျပ် တစ်ထောင် ပေးဆောင်ရမည် ဖြစ်ကြောင်းကို အခါအား လျော်စွာ အများပြည်သူအား အသိပေးနိုးဆော် စေရန် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီအလုပ်အမှုဆောင်အဖွဲ့များကို ညွှန်ကြား ရမည်၊

(၅) ပြည်နယ်နှင့်တိုင်းဦးစီးဌာနမှူးက ဆောင်ရွက်ရန်

(ကက) မွေးဖွားသူ၊ သေဆုံးသူများ၏စာရင်းကို မြို့နယ် အလိုက် ပြုစုထားရှိရမည်။ မြို့နယ်ဦးစီးဌာနမှူး ရုံးများတွင် မွေးဖွားသူ၊ သေဆုံးသူများ၏ စာရင်းပြုစုထားရှိခြင်းတို့ကို ကြပ်မတ်ရမည်၊

(ဃဃ) ကလေးမွေးဖွား၊ သေဆုံးခြင်းနှင့် ပတ်သက်၍ မိဘ၏ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂တွင် ရေးသွင်း ရမည်၊

(ငင) အသက်တစ်ဆယ်နှစ် ပြည့်လာမည့် ကလေးများ အတွက် အသက်တစ်ဆယ်နှစ်ပြည့်သည့်နေ့မှစ၍ ကာလ်နှစ်အတွင်း မိဘ သို့မဟုတ် အုပ်ထိန်းသူက မှတ်ပုံတင်ရမည်ဖြစ်ကြောင်း ကြိုတင်အသိပေးရန် မြို့နယ်ဦးစီးဌာနမှူးများကို ညွှန်ကြားရမည်၊

(စစ) မွေးဖွားသူ၊ သေဆုံးသူများ၏စာရင်းကို တစ်လ လျှင် တစ်ကြိမ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်၊

( ၆ ) ပြည်နယ်နှင့်တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ရန်။ မွေးဖွားသူ၊ သေဆုံးသူများ၏ စာရင်း ပြုစုထားခြင်းကို ကြပ်မတ်ရမည်၊

( ၇ ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက ဆောင်ရွက်ရန်

(ကက) မိဘ၏ နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆ တွင် ကလေး၏အမည်ကို ထည့်သွင်းပေးရန် လျှောက် ထားချက်ကို မြို့နယ်ဦးစီးဌာနမှူးထံမှ ရရှိသည့် အခါ မှတ်ပုံတင်စာအုပ် ပုံစံလေ-၁ တွင် ရေးသွင်း ရမည်။ ရုံးလက်ခံမှတ်တမ်းများနှင့် တိုက်ဆိုင် စိစစ်ရမည်၊

(ခခ) လျှောက်ထားချက်ကို စိစစ်တွေ့ရှိချက်နှင့် အတူ ပြည်ထဲရေးဝန်ကြီးဌာနထံသို့ တင်ပြရမည်၊

(ဂဂ) ပြည်ထဲရေး ဝန်ကြီးဌာန၏ အတည်ပြုချက် ရရှိ သည့်အခါ မိဘ၏ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် အမည်ထည့်သွင်း ပေးရမည်။ မိဘ၏ကိုယ် ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် ရေးသွင်းရမည်၊

(ဃဃ) ကလေး၏အမည်ကို မိဘ၏နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ထည့်သွင်းပြီးပါက ထိုလက်မှတ်ကို



သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ ပြန်လည် ပေးပို့ရမည်။ မိတ္တူကို သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီး ဌာနမှူးရုံးထံသို့ ပေးပို့ရမည်၊

(ငင) မိဘ၏ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် အမည် ထည့်သွင်းပေးခြင်း ခံရသည့် အသက် တစ်ဆယ်ရှစ်နှစ် မပြည့်သေးသော ကလေးများ၏ စာရင်းကို ပြုစုထားရှိရမည်၊

(စစ) မွေးဖွားသူ၊ သေဆုံးသူများ၏ စာရင်းကို ပြည် နယ်အလိုက်၊ တိုင်းအလိုက် ပြုစုထားရှိရမည်။ မြို့နယ်၊ ပြည်နယ်၊ တိုင်းဦးစီးဌာနမှူးရုံးများတွင် မွေးဖွားသူ၊ သေဆုံးသူများ၏ စာရင်းပြုစုထားရှိ ခြင်းကို ကြပ်မတ်ရမည်၊

(ဆဆ) ကလေးမွေးဖွား၊ သေဆုံးခြင်းနှင့် ပတ်သက်၍ မိဘ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် ရေး သွင်းရမည်၊

(ဇဇ) မွေးဖွားသူ၊ သေဆုံးသူများ၏ စာရင်းတို့နှင့် ပတ်သက်၍ လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်း အဝေးတွင် ညှိနှိုင်းရမည်၊

( ၈ ) ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်ရန်။ မိဘ၏နိုင်ငံ သားလက်မှတ် ပုံစံ နိုင်-၆ တွင် ကလေး၏ အမည် ထည့်သွင်းပေးရန် လျှောက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၏ တင်ပြချက်ကို ရရှိသည့်အခါ စိစစ်ပြီးနောက် အဆုံးအဖြတ် ပေးရမည်၊

( ခ ) အသက်တစ်ဆယ်နှစ် ပြည့်သဖြင့် မှတ်ပုံတင်ခြင်း

( ၁ ) မိဘ သို့မဟုတ် အုပ်ထိန်းသူက လိုက်နာရန်

(ကက) မိမိအုပ်ထိန်းမှုအောက်တွင်ရှိသော ကလေးတစ်ဦး အတွက် မှတ်ပုံတင်ပေးရန် အသက်တစ်ဆယ်နှစ်ပြည့် သည့်နေ့မှ စ၍ တစ်နှစ်အတွင်း မိမိနေထိုင်လျက် ရှိသော မြို့နယ်၏ မြို့နယ် ဦးစီးဌာနမှူးရုံး ထံသို့

အကြောင်းကြားရမည်။ အကြောင်းကြားပြီးနောက် ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်အတွက် ငွေသုံးကျပ်နှင့် အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က) အတွက် ငွေသုံးကျပ်ကို မြို့နယ်ဦးစီးဌာနမှူးရုံးတွင် ပေးသွင်းရမည်။ ငွေပေးသွင်းပြီးကြောင်း ပြေစာကို တောင်းခံရမည်၊

(ခခ) မိဘ သို့မဟုတ် အုပ်ထိန်းသူသည် ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် မြို့နယ်ဦးစီးဌာနမှူးရုံးက ဖြေဆိုရန်ပြုစုရေးအတွက် မေးမြန်းချက်များကို မှန်ကန်ပြည့်စုံစွာ ဖြေဆိုရမည်၊

(ဂဂ) ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် မိဘ သို့မဟုတ် အုပ်ထိန်းသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။ ကလေး၏ လက်ဗွေပုံစံများနှင့် ခြေဗွေပုံစံများကို နှိပ်ရမည်၊

(ဃဃ) မိဘသို့မဟုတ် အုပ်ထိန်းသူသည် ကလေး၏ ၁.၄″ × ၁.၂″ အရွယ် ဓာတ်ပုံ ငါးပုံ၊ မိဘ၏ အိမ်ထောင်စုစာရင်းတို့ကို မြို့နယ် ဦးစီးဌာနမှူးရုံးထံသို့ ပေးအပ်ရမည်။ လက်ခံရရှိကြောင်း ပြေစာကို တောင်းခံရမည်၊

(ငင) မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မြို့နယ် ဦးစီးဌာနမှူးရုံးထံမှ အကြောင်းကြားစာကို ရရှိသည့်အခါ မြို့နယ် ဦးစီးဌာနမှူးရုံးထံသို့ သွားရောက်ပြီးနောက် ငွေသွင်းပြေစာပြသ၍ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသားမှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃ နှင့် အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က) တို့ကို လက်မှတ်ရေးထိုး၍ ထုတ်ယူရမည်၊

(စစ) ကလေးတစ်ဦးအတွက် အသက်တစ်ဆယ်နှစ်ပြည့်သည့်နေ့မှစ၍တစ်နှစ်အတွင်းမှတ်ပုံမတင်နိုင်ပါက မိဘ သို့မဟုတ် အုပ်ထိန်းသူသည် ပျက်ကွက်မှုအတွက် ကျသင့်သော ဒဏ်ငွေကို ပေးဆောင်၍



အကျိုးအကြောင်း ဖော်ပြပြီး မိမိနေထိုင်လျက်ရှိသော မြို့နယ်၏ မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ လျှောက်ထားရမည်၊

(ဆဆ) မြို့နယ်ဦးစီးဌာနမှူးရုံးက အကြောင်းကြားသည့်အခါ ကျသင့်သော ဒဏ်ငွေကို သတ်မှတ်ထားသော ငွေစာရင်း ခေါင်းစဉ်ဖြင့် မြို့နယ် မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းပြီး မူရင်းနှင့် မိတ္တူချလံနှစ်စောင်နှင့်အတူ သတ်မှတ်ပေးသည့်ကာလ အတွင်း မြို့နယ် ဦးစီးဌာနမှူးရုံး ထံသို့ လျှောက်ထားရမည်။ မှတ်ပုံ တင်ခွင့်ပြုကြောင်း အကြောင်းပြန်ကြားချက်ကိုရရှိသည့်အခါ အပိုဒ်ခွဲငယ်စိတ် (ကက) မှ (ငင)အထိ ဖော်ပြချက်များအတိုင်း လိုက်နာရမည်၊

(ဇဇ) ကလေးတစ်ဦး သေဆုံးသည့်အခါ သေဆုံးသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း မိဘ သို့မဟုတ် အုပ်ထိန်းသူသည် သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုပြည်သူ့ကောင်စီရုံးထံသို့ စာဖြင့်ဖြစ်စေ၊ ကိုယ်တိုင် သွားရောက်၍ ဖြစ်စေ အကြောင်း ကြားရမည်။ သေဆုံးကြောင်း အထောက်အထားလက်မှတ် ပုံစံ ထေ-၂ (က) အတွက် ငွေတစ်ကျပ်ကို ပေးသွင်းရမည်။ ပြေစာကို တောင်းခံရမည်၊

(ဈဈ) မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မြို့နယ်ဦးစီးဌာနမှူးရုံးထံမှ အကြောင်းကြားစာကို ရရှိသည့်အခါ သေဆုံးသူကိုင်ဆောင်သော အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က)နှင့် သက်ဆိုင်သူ၏ အိမ်ထောင်စုစာရင်းတို့ကို မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ ပေးအပ်ရမည်၊

( ၂ ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ရန်။ အသက်တစ်ဆယ်နှစ်ပြည့်ပြီး

သည့် ကလေးတစ်ဦးသည် အသက်တစ်ဆယ့်ရှစ်နှစ်မပြည့်မီ သေဆုံးသည့်အခါ သေဆုံးကြောင်း အကြောင်းကြားချက်ကို ရရှိပါက ပုံစံ ထွေ-၂ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ သေဆုံးကြောင်း အထောက်အထားလက်မှတ် ပုံစံ ထွေ-၂ (က)အတွက် ငွေသတ်မှတ် ပေးသွင်းပြီးကြောင်း ပြေစာကို ယင်ပြစေရမည်။ ပြေစာကိုတင်ပြနိုင်မှသာ သေဆုံးကြောင်း အထောက်အထားလက်မှတ် ပုံစံ ထွေ-၂(က)ကို မိဘ သို့မဟုတ် အုပ်ထိန်းသူအား ထုတ်ပေးရမည်။ သေဆုံးသူများ၏စာရင်းကို သက်ဆိုင်သည့် အထောက်အထားများနှင့်အတူ တစ်လလျှင် တစ်ကြိမ် ပုံစံထွေ-၃ ဖြင့် မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ထံသို့ ပေးပို့ရမည်၊

(၃) မြို့နယ်ဦးစီးဌာနမှူးက ဆောင်ရွက်ရန်

(ကက) အသက်တစ်ဆယ်နှစ်ပြည့်သည့် ကလေးတစ်ဦးကို မှတ်ပုံတင်ပေးရန် ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်အတွက် ငွေ သုံးကျပ်နှင့် အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က) အတွက် ငွေသုံးကျပ်ကို မိဘ သို့မဟုတ် အုပ်ထိန်းသူက ပေးသွင်းသည့်အခါ ငွေလက်ခံရရှိကြောင်း ပြေစာနှစ်စောင်စီကို ထုတ်ပေးရမည်။ ပုံစံ နိုင်-၉ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်၊

(ခခ) အသက်တစ်ဆယ်နှစ်ပြည့်သည့် ကလေးတစ်ဦးကို မှတ်ပုံတင်ပေးရန် မိဘ သို့မဟုတ် အုပ်ထိန်းသူက အကြောင်းကြားသည့်အခါ ပုံစံ နိုင်-၁ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ မိဘ သို့မဟုတ် အုပ်ထိန်းသူအား ခေါ်ယူမေးမြန်း၍ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်တွင် ပြည့်စုံစွာ ရေးသွင်းပေးရမည်။ မိဘ သို့မဟုတ်အုပ်ထိန်းသူကို လက်မှတ် ရေးထိုးစေရမည်။ ကလေး၏လက်ဗွေပုံစံများနှင့် ခြေဗွေပုံစံများကို နှိပ်စေရမည်၊

(ဂဂ) ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်ကို ရေးသွင်းပြီးသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း အမှု



တွဲကို မှတ်ချက်နှင့်အတူ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ထံသို့ တင်ပြရမည်၊

(ဃဃ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ရရှိသည့်အခါ ကလေးကို မှတ်ပုံတင်ပေးရမည်။ ဆုံးဖြတ်ချက်ကို ရရှိသည့်နေ့မှစ၍ တစ်လအတွင်း အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃ နှင့် အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က)တို့ကို မြို့နယ် ဦးစီးဌာနမှူး ကိုယ်တိုင် လက်မှတ် ရေးထိုးပြီးနောက် မိဘ သို့မဟုတ် အုပ်ထိန်းသူအား ခေါ်ယူ၍ ထုတ်ပေးရမည်၊

(ငင) ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တစ်စောင်ကို ရုံးလက်ခံအဖြစ် သိမ်းဆည်းထားရမည်။ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ ကို လက်ခံရရှိသည့်နေ့မှစ၍ တစ်လအတွင်း တစ်စောင်ကို သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ လည်းကောင်း၊ တစ်စောင်ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့ လည်းကောင်း ပေးပို့ရမည်၊

(စစ) အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃ နှင့် အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က) ထုတ်ပေးပြီးသူများ၏ စာရင်းကို ပုံစံ နိုင်-၄ ဖြင့် ပြုစုထားရှိရမည်။ တစ်လလျှင်တစ်ကြိမ် ပုံစံ နိုင် - ၄ တစ်စောင်ကို လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့ လည်းကောင်း၊ တစ်စောင်ကို သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ်တိုင်းဦးစီးဌာနမှူးရုံးထံသို့လည်းကောင်း ပေးပို့ရမည်၊

(ဆဆ) မြို့နယ်အတွင်းရှိ အသက် တစ်ဆယ့်ရှစ်နှစ် ပြည့်လာမည့် နိုင်ငံသားများ၏ စာရင်းကို ပုံစံ နိုင်-၅ ဖြင့် ပြုစုထားရှိရမည်၊

(ဇဇ) အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃ နှင့် အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က)တို့ကို ကိုင် ဆောင် ထား သူ တိုင်း သည် အသက် တစ်ဆယ့်ရှစ်နှစ် ပြည့်သည့်နေ့မှ စ၍ တစ်နှစ်အတွင်း နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) တို့နှင့် လဲလှယ် ကိုင်ဆောင်ရမည် ဖြစ်ကြောင်း ကြိုတင်အသိပေးရမည်၊

(ဈဈ) ကလေးတစ်ဦး အသက်တစ်ဆယ်နှစ် ပြည့်သည့်နေ့မှစ၍ တစ်နှစ်အတွင်း မှတ်ပုံ မတင်နိုင်သဖြင့် မိဘသို့မဟုတ် အုပ်ထိန်းသူက အကျိုးအကြောင်း ဖော်ပြ၍ လျှောက်ထားသည့်အခါ ကျသင့်သော အဖိုးငွေကို ပေးဆောင်စေရမည်၊

(ညည) ကျသင့်သော အဖိုးငွေ ပေးဆောင်ပြီးကြောင်း မှုရင်းနှင့် မိတ္တူချလံနှစ်စောင်ကို လက်ခံရရှိသည့်နေ့မှ စ၍ ခုနစ်ရက်အတွင်း မှတ်ချက်နှင့်အတူ မြို့နယ်ပြည်သူကောင်စီ အလုပ်အမှုဆောင် အဖွဲ့ထံသို့ တင်ပြရမည်၊

(ဋဋ) မြို့နယ် ပြည်သူကောင်စီ အလုပ်အမှုဆောင်အဖွဲ့ထံမှ မှတ်ပုံတင်ခွင့်ပြုကြောင်း ဆုံးဖြတ်ချက်ကို ရရှိသည့်အခါ မြို့နယ် ပြည်သူကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုသောကာလ မကုန်ဆုံးမီ လာရောက်၍ မှတ်ပုံတင်ရန် သက်ဆိုင်ရာ မိဘသို့မဟုတ် အုပ်ထိန်းသူထံသို့ အကြောင်းကြားရမည်၊

(ဌဌ) ကလေးကို မှတ်ပုံတင်ပေးရန် မြို့နယ် ပြည်သူကောင်စီ အလုပ်အမှုဆောင် အဖွဲ့၏ ခွင့်ပြုသောကာလအတွင်း လျှောက်ထားသည့်အခါ အပိုဒ်ခွဲငယ်စိတ် (ကက) မှ (စစ) အထိ ဖော်ပြချက်များအတိုင်း ဆောင်ရွက်ပေးရမည်၊



(ဍဍ) အခြားမြို့နယ်တွင် မွေးဖွားသော ကလေးတစ်ဦးအတွက် အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က)တို့ကို ထုတ်ပေးရန် အကြောင်းပေါ်ပေါက်သည့်အခါ ကိုယ်ရေးမှတ်တမ်း ပုံစံနိုင်-၂ သုံးစောင်အတွက် ငွေသုံးကျပ်ကို မိမိရုံးတွင် ပေးသွင်းစေပြီးနောက် ငွေရကြောင်း ပြေစာကို ထုတ်ပေးရမည်။ ပုံစံ နိုင်-၂ သုံးစောင်တွင် ပြည့်စုံစွာရေးသွင်းပေးရမည်။ ကလေး၏ လက်ဗွေပုံစံများနှင့် ခြေဗွေပုံစံများကို နှိပ်စေရမည်။ စိစစ်ပြီး ပြန်လည်ပေးပို့နိုင်ရန် ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တစ်စောင်ကို ထို ကလေးမွေးဖွားစဉ်က မှတ်ပုံတင်ခဲ့သောမြို့နယ်၏ မြို့နယ် ဦးစီးဌာနမှူးရုံးထံသို့ ပေးပို့ရမည်၊

(ဎဎ) အခြားမြို့နယ် ဦးစီးဌာနမှူးရုံး ထံမှ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ မိတ္တူကို လက်ခံရရှိသည့်အခါ မိမိရုံးရှိ မှတ်တမ်းနှင့် တိုက်ဆိုင် စိစစ်ပြီးနောက် တွေ့ရှိချက်နှင့်အတူ ပုံစံ နိုင်-၂ ကို ပေးပို့သည့် မြို့နယ် ဦးစီးဌာနမှူးရုံးထံသို့ ပြန်လည်ပေးပို့ရမည်၊

(ဏဏ) ကလေးတစ်ဦး သေဆုံးကြောင်းကို သေဆုံးသူ၏ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က)၊ သေဆုံးကြောင်း အထောက်အထား လက်မှတ် ပုံစံထွေ-၂(က)တို့နှင့်အတူအကြောင်းကြားသည့်အခါ ပုံစံ ထွေ-၂ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်၊

(တတ) သေဆုံးသူ၏ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က) တို့ကို ပယ်ဖျက်ခွင့် ပြုရန်

အကြောင်းကြားသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ထံသို့ တင်ပြရမည်၊

(ဃဃ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုမိန့်ကို ရရှိသည့် အခါ ကလေး၏ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား ပုံစံ နိုင်-၃၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က) တို့ကို ပယ်ဖျက်ရမည်။ အိမ်ထောင်စုစာရင်းမှ ကလေး၏ အမည်ကို ပယ်ဖျက်ရမည်။ ကိုယ်ရေး မှတ်တမ်း ပုံစံ နိုင်-၂ တွင်လည်းကောင်း၊ မိဘ၏ ကိုယ်ရေးမှတ်တမ်း ပုံစံနိုင်-၂ တွင်လည်းကောင်း ရေးသွင်းရမည်၊

(ငင) ပယ်ဖျက်ထားသော အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က)တို့ကို ဖျက်ဆီးရေး အတွက် လုပ်ငန်း ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဦးစီးဌာနထံသို့ ပေးပို့ရမည်။ ဆောင် ရွက်ချက်ကို သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ အစီရင်ခံရမည်၊

(၄) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင် ရွက်ရန်

(ကက) အသက်တစ်ဆယ်နှစ်ပြည့်သည့် ကလေးကို မှတ်ပုံ တင်ခွင့်ပြုရန်၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံ သား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃နှင့် အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံနိုင်-၃ (က) ထုတ်ပေးခွင့် ပြုရန် မြို့နယ်ဦးစီး ဌာနမှူးက တင်ပြသည့်အခါ စိစစ်ပြီးနောက် အဆုံးအဖြတ်ပေးရမည်။ ဆုံးဖြတ်ချက်ပါအတိုင်း လိုအပ်သလို ဆောင်ရွက်ရန် မြို့နယ်ဦးစီးဌာနမှူး ကို ညွှန်ကြားရမည်၊



(ခခ) ကလေးတစ်ဦး အသက်တစ်ဆယ်နှစ် ပြည့်သည့် နေ့မှစ၍ တစ်နှစ်အတွင်း မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း ကြောင့် ကျသင့်သော ဒဏ်ငွေ ပေးဆောင်ပြီး ကြောင်း ပြေစာနှင့် ဓာတ်ပုံ ၃ ခုကို လျှောက်လွှာနှင့် အတူ မြို့နယ်ဦးစီးဌာနမှူးက သဘောထား မှတ်ချက်ဖြင့် တင်ပြသည့်အခါ မှတ်ပုံတင်ခွင့် ပေးရန် ... ... မှတ်ပေးရမည်။ ဆုံးဖြတ်ချက်ပါအတိုင်း လိုအပ် သလို ဆောင်ရွက်ရန် မြို့နယ်ဦးစီးဌာနမှူးကို ညွှန်ကြားရမည်၊

(ဂဂ) အသက် တစ်ဆယ်နှစ် ပြည့်ပြီး ဖြစ်သော်လည်း အသက်တစ်ဆယ့်ရှစ်နှစ် မပြည့်သေးသောကလေး တစ်ဦး သေဆုံးကြောင်း မြို့နယ်ဦးစီးဌာနမှူးက တင်ပြသည့်အခါ ထိုကလေးထံ၌ ထားရှိခဲ့သော ကတ်ပြားများကို ပယ်ဖျက်ရန်နှင့် ကလေး၏ အမည်ကို သက်ဆိုင်ရာ အိမ်ထောင်စု စာရင်းမှ ပယ်ဖျက်ရန် အဆုံးအဖြတ်ပေးရမည်၊ ဆုံးဖြတ် ချက်ပါအတိုင်း လိုအပ်သလို ဆောင်ရွက်ရန် မြို့နယ်ဦးစီး ဌာနမှူးကို ညွှန်ကြားရမည်၊

(ဃဃ) မြို့နယ်အတွင်းရှိ နိုင်ငံသားတိုင်း အသက်တစ်ဆယ့် ရှစ်နှစ်ပြည့်သည့်နေ့မှစ၍ တစ်နှစ်အတွင်း မြို့နယ် ဦးစီးဌာနမှူးရုံးတွင် အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က) ကို နိုင်ငံသား ယက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆ (က)နှင့် လဲလှယ်ရန် လျှောက်ထားရမည် ဖြစ်ကြောင်း အခါအား လျော်စွာ နှိုးဆော်ရန် မြို့နယ်ဦးစီးဌာနမှူးကို ညွှန်ကြားရမည်၊

(၅) မြို့နယ်နှင့် တိုင်းဦးစီးဌာနမှူးက ဆောင်ရွက်ရန်

(ကက) အသက် တစ်ဆယ်နှစ်ပြည့်၍ တစ်နှစ်အတွင်း မှတ်ပုံတင်ပြီးသူများ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ များကို မြို့နယ်အလိုက် သိမ်းဆည်းထားရမည်၊

(ခခ) အသက် တစ်ဆယ်နှစ်ပြည့်၍ တစ်နှစ်အတွင်း မှတ်ပုံ မတင်နိုင်ခြင်းကြောင့် ကျသင့်သော ဒဏ်ငွေ ပေးဆောင်၍ မှတ်ပုံတင်ပြီးသူများ၏ စာရင်းကို မြို့နယ်အလိုက် ပြုစုထားရှိရမည်၊

(ဂဂ) အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား ပုံစံ နိုင်-၃၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က) ထုတ်ပေးထားသူများ၏စာရင်းကို မြို့နယ်အလိုက် ပုံစံ နိုင်-၄ ဖြင့် ပြုစုထားရှိရမည်၊

(ဃဃ) အသက်တစ်ဆယ်နှစ် ပြည့်ပြီး ဖြစ်သော်လည်း အသက်တစ်ဆယ့်ရှစ်နှစ် မကျော်လွန်မီ သေဆုံး သူများ၏စာရင်းကို မြို့နယ်အလိုက် ပုံစံထွေ-၂ ဖြင့် ပြုစုထားရှိရမည်။ မြို့နယ်ဦးစီးဌာနမှူးရုံးများတွင် သေဆုံးသူများ၏ စာရင်း ပြုစုထားရှိခြင်းကို ကြပ်မတ်ရမည်၊

(ငင) အသက် တစ်ဆယ်နှစ်ပြည့်၍ မှတ်ပုံတင်ခြင်း၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပုံစံ နိုင်-၃(က)တို့ကို ထုတ်ပေးခြင်း လုပ်ငန်း ဆောင်ရွက် ပြီးစီးမှု အခြေအနေကို တစ်လလျှင် တစ်ကြိမ် လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဦးစီးဌာန ထံသို့ အစီရင်ခံရမည်၊

(စစ) အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်လာမည့် ကလေး များသည် အသက် တစ်ဆယ့်ရှစ်နှစ်ပြည့်သည့်နေ့ မှစ၍ တစ်နှစ်အတွင်း အသက် တစ်ဆယ်နှစ်ပြည့်



နိုင်ငံသားမှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က) တို့ကို နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆ (က) တို့နှင့် လဲလှယ် ကိုင်ဆောင်ရမည် ဖြစ်ကြောင်း ကြိုတင် အသိပေးရန် မြို့နယ်ဦးစီး ဌာနမှူးများကို ညွှန်ကြားရမည်၊

(၆) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့က ဆောင်ရွက်ရန်

(ကက) အသက် တစ်ဆယ်နှစ်ပြည့်၍ မှတ်ပုံတင်ခြင်း၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသားမှတ်ပုံတင် ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က) ထုတ်ပေးခြင်းတို့ကို ကြီးကြပ်ရမည်၊

(ခခ) အသက်တစ်ဆယ်နှစ်ပြည့်၍ မှတ်ပုံတင်ပြီးသူများ ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ များ၊ အသက် တစ်ဆယ်နှစ်ပြည့်ပြီး အသက် တစ်ဆယ့်ရှစ်နှစ် မကျော်လွန်မီ သေဆုံးသူများ၏ စာရင်း ပြုစု ထားရှိခြင်းကို ကြပ်မတ်ရမည်၊

(၇) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက ဆောင်ရွက်ရန်

(ကက) အသက် တစ်ဆယ်နှစ် ပြည့်၍ မှတ်ပုံတင်ပြီး သူများ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ များကို မြို့နယ်အလိုက် ပြုစုထားရှိရမည်၊

(ခခ) အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား ပုံစံ နိုင်-၃၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံနိုင်-၃(က) ထုတ်ပေးထားသူများ၏ စာရင်းကို ပြည်နယ်နှင့် တိုင်းအလိုက် ပုံစံ နိုင်-၄ ဖြင့် ပြုစုထားရှိရမည်၊

(ဂဂ) အသက် တစ်ဆယ်နှစ် ပြည့်ပြီး ဖြစ်သော်လည်း အသက် တစ်ဆယ့်ရှစ်နှစ် မကျော်လွန်မီ သေဆုံး သူများ၏ စာရင်းကို ပြည်နယ်အလိုက်၊ တိုင်း

အလိုက် ပုံစံ ယေ-၂ ဖြင့် ပြုစု ထားရှိရမည်။ မြို့နယ်၊ ပြည်နယ်၊ တိုင်း ဦးစီးဌာနမှူးရုံးများတွင် သေဆုံးသူများ၏ စာရင်း ပြုစုထားရှိခြင်းကို ကြပ်မတ်ရမည်၊

(ဃဃ) မှတ်ပုံတင်ပေးပြီးသူများ၏ စာရင်း၊ သေဆုံးသူများ၏ စာရင်းတို့နှင့် ပတ်သက်၍ လေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညှိနှိုင်းရမည်၊

(ဂ) ပြည်ထဲရေး ဝန်ကြီးဌာနက ဆောင်ရွက်ရန်။ ဥပဒေအာဏာတည်သည့် နေ့တွင် အသက် တစ်ဆယ်နှစ် ပြည့်ပြီးဖြစ်သော်လည်း အသက် တစ်ဆယ့်ရှစ်နှစ် မပြည့်သေးသောကလေးများကို မှတ်ပုံတင်ခြင်း၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃(က)တို့ကို ထုတ်ပေးခြင်းနှင့်ပတ်သက်၍ လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်ရမည်၊

(ဂ) အသက် တစ်ဆယ့်ရှစ်နှစ် ပြည့်သဖြင့် နိုင်ငံသား လက်မှတ်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား လဲလှယ်ခြင်း

(၁) အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်ပြီးသူက လိုက်နာရန်

(ကက) အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက် တစ်ဆယ်နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံနိုင်-၃(က)တို့ကို ကိုင်ဆောင်ထားသူသည် နိုင်ငံသား လက်မှတ်ပုံစံနိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)နှင့် လဲလှယ်ပေးရန် အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်သည့်နေ့မှ စ၍ တစ်နှစ်အတွင်း မိမိ နေထိုင်လျက်ရှိသော မြို့နယ်၏ မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ ကိုယ်တိုင်သွားရောက်ရမည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)အတွက် ငွေသုံးကျပ်ကို မြို့နယ်ဦးစီးဌာနမှူးရုံးတွင် ပေးသွင်းရမည်။ ငွေ ပေးသွင်းပြီးကြောင်း ပြေစာကို တောင်းခံရမည်၊



(ခခ) ကိုယ်ရေးမှတ်တမ်း ပုံစံနိုင်-၂ တွင်မြို့နယ်ဦးစီးဌာနမှူးရုံးက ရေးသွင်းနိုင်ရေးအတွက် မေးမြန်းချက်များကို မှန်ကန်ပြည့်စုံစွာ ဖြေဆိုရမည်၊

(ဂဂ) ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် ကိုယ်တိုင်လက်မှတ် ရေးထိုးရမည်။ လက်ဗွေ ပုံစံများနှင့် ခြေဗွေ ပုံစံများကို နှိပ်ရမည်၊

(ဃဃ) ၁.၄"×၁.၂" အရွယ်ဓာတ်ပုံ ငါးပုံ၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က)ကို မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ ပေးအပ်ရမည်။ လက်ခံရရှိကြောင်းပြေစာကို တောင်းခံရမည်၊

(ငင) အသက် သုံးဆယ်နှစ် ပြည့်မြောက်သည့်အတွက် နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံကပ်ပေးရန်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)ကို လဲလှယ်ပေးရန်ဖြစ်စေ၊ အသက်လေးဆယ့်ငါး နှစ် ပြည့် မြောက် သည့် အတွက် နိုင်ငံသား လက်မှတ် ပုံစံနိုင်-၆ တွင် ဓာတ်ပုံကပ်ပေးရန်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)ကို လဲလှယ်ပေးရန်ဖြစ်စေ မိမိကိုင်ဆောင်သော လက်မှတ်နှင့် ကတ်ပြား၊ ဓာတ်ပုံ ငါးပုံနှင့် ငွေသုံးကျပ်ပေးသွင်းပြီးကြောင်း ပြေစာတို့ကို ပူးတွဲ၍ မြို့နယ် ဦးစီးဌာနမှူးရုံးထံသို့ အကြောင်းကြားရမည်။ လက်ခံ ရရှိကြောင်း ပြေစာကို တောင်းခံရမည်၊

(စစ) မြို့နယ် ဦးစီးဌာနမှူးရုံးထံမှ အကြောင်းကြားစာကို ရရှိသည့်အခါ မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ ကိုယ်တိုင် သွားရောက်ပြီးနောက် ပြေစာများကိုပြသ၍ နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) တို့ကို လက်မှတ်ရေးထိုး၍ ထုတ်ယူရမည်၊

(ဆဆ) အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်ပြီးသော နိုင်ငံသားတစ်ဦး သေဆုံးသည့်အခါ သေဆုံးသောနေ့မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်သူက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီရုံးထံသို့ စာဖြင့်ဖြစ်စေ၊ ကိုယ်တိုင် သွားရောက်၍ဖြစ်စေ အကြောင်းကြားရမည်။ သေဆုံးကြောင်း အထောက်အထား လက်မှတ် ပုံစံ ထွေ-၂ (က) အတွက် ငွေတစ်ကျပ်ကို ပေးသွင်းရမည်။ ပြေစာကို တောင်းခံရမည်၊

(ဇဇ) သေဆုံးသူ ကိုင်ဆောင်ခဲ့သော နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)နှင့် ထိုသူ၏ အိမ်ထောင်စုစာရင်းတို့ကို သက်ဆိုင်သူက မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ ပေးအပ်ရမည်၊

( ၂ ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ရန်။ အသက် တစ်ဆယ့်ရှစ်နှစ်ပြည့်ပြီးသော နိုင်ငံသားတစ်ဦး သေဆုံးကြောင်း အကြောင်းကြားချက်ကို ရရှိပါက ပုံစံ ထွေ-၂ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ သေဆုံးကြောင်း အထောက်အထားလက်မှတ် ပုံစံ ထွေ-၂ (က) အတွက် ငွေတစ်ကျပ် ပေးသွင်းပြီးကြောင်းပြေစာကို တင်ပြစေရမည်။ ပြေစာကို တင်ပြနိုင်မှသာ သေ ဆုံး ကြောင်း အထောက် အထား လက်မှတ် ပုံစံ ထွေ-၂ (က)ကို မိဘ သို့မဟုတ် အုပ်ထိန်းသူအား ထုတ်ပေးရမည်။ သေဆုံးသူများ၏ စာရင်းကို သက်ဆိုင်သည့် အထောက်အထားများနှင့် အတူ ပုံစံ ထွေ-၃ ဖြင့် တစ်လလျှင် တစ်ကြိမ် မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ထံသို့ ပေးပို့ရမည်၊

( ၃ ) မြို့နယ်ဦးစီးဌာနမှူးက ဆောင်ရွက်ရန်

(ကက) အသက် တစ်ဆယ့်ရှစ်နှစ်ပြည့်သည့်အတွက် နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆(က)နှင့် လဲလှယ်ပေးရန် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)



အတွက် ငွေသုံးကျပ်ကို ပေးသွင်းပါက ငွေလက်ခံရရှိကြောင်း ပြေစာနှစ်စောင်ကို ထုတ်ပေးရမည်။ ပုံစံ နိုင်-၉ မှတ်ပုံတင် စာအုပ်တွင် ရေးသွင်းရမည်၊

(ခခ) နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆(က)တို့ကို လဲလှယ်ထုတ်ပေးရန် အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ ဆယ်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃(က)၊ ငွေသွင်းပြေစာ၊ ဓာတ်ပုံ ငါးပုံတို့နှင့် အတူ အကြောင်းကြားသည့်အခါ ပုံစံ နိုင်-၅ မှတ် ပုံ တင် စာ အုပ် တွင် ရေး သွင်း ရ မည်။ အ ကြောင်း ကြား သူ ကို ခေါ် ယူ မေး မြန်း ၍ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံး စောင် တွင် ပြည့်စုံစွာ ရေးသွင်းပေးရမည်၊

(ဂဂ) ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်တွင် ရေးသွင်းပြီးပါက သက်ဆိုင်သူကို လက်မှတ်ရေးထိုးစေရမည်။ လက်ဗွေပုံစံများနှင့် ခြေဗွေပုံစံများကို နှိပ်စေရမည်၊

(ဃဃ) ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်ကို ရေးသွင်းပြီးသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း အမှုတွဲကို မှတ်ချက်နှင့်အတူ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ထံသို့ တင်ပြရမည်၊

(ငင) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ သဘောထားမှတ်ချက်ကို ရရှိသည့်အခါ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆(က)တို့ကို ထုတ်ပေးနိုင်ရေးအတွက် အမှုတွဲကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ တင်ပြရမည်။ မိတ္တူကို သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ ပေးပို့ရမည်၊

(စစ) အမှုတွဲတွင် လျှောက်လွှာ၊ ၁.၄"x၁.၂" အရွယ် ဓာတ်ပုံ သုံးပုံ၊ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တစ်စောင်၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃(က)နှင့် မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ သဘောထား မှတ်ချက်တို့ ပါရှိရမည်၊

(ဆဆ) ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တစ်စောင်ကို ရုံးလက်ခံအဖြစ် သိမ်းဆည်းထားရမည်။ တစ်စောင်ကို တစ်လလျှင်တစ်ကြိမ် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဦးစီးဌာနမှူးရုံးထံသို့ ပေးပို့ရမည်၊

(ဇဇ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံမှ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)တို့ကို ရရှိသည့်အခါ ပုံစံ နိုင်-၇ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ ယင်း နိုင်ငံသားလက်မှတ်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားတို့ကို လက်ခံရရှိသည့်နေ့မှစ၍ တစ်လအတွင်း သက်ဆိုင်သူအား ခေါ်ယူ၍ လက်မှတ်ရေးထိုးစေပြီးနောက် ထုတ်ပေးရမည်။ ပုံစံ နိုင်-၇ တစ်စောင်ကို တစ်လလျှင် တစ်ကြိမ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့လည်းကောင်း၊ တစ်စောင်ကို သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့လည်းကောင်း ပေးပို့ရမည်၊

(ဈဈ) အသက် သုံးဆယ်နှစ် ပြည့်မြောက်သည့်အတွက် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံကပ်ပေးရန်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)ကို လဲလှယ်ပေးရန်ဖြစ်စေ၊ အသက်လေးဆယ့်ငါးနှစ် ပြည့်မြောက်သည့် အတွက် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံကပ်ပေးရန်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ



နိုင်-၆(က)ကို လဲလှယ်ပေးရန် ဖြစ်စေ ထိုသူကိုင်ဆောင်သော လက်မှတ်နှင့်ကတ်ပြား၊ ဓာတ်ပုံငါးပုံနှင့် ငွေသွင်း ပြေစာတို့ကို ပူးတွဲ၍ အကြောင်းကြားသည့်အခါ လက်ခံရရှိကြောင်း ပြေစာကို ထုတ်ပေးရမည်၊

(ညည) ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်တွင် ရေးသွင်းပေးပြီးနောက် ဓာတ်ပုံ တစ်ပုံစီ ကပ်ရမည်။ ထိုသူကို လက်မှတ်ရေးထိုးစေရမည်၊

(ဋဋ) နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)၊ ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးမှတ်တမ်း ပုံစံနိုင်-၂ တစ်စောင်ကို သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ ပေးပို့ရမည်။ ကိုယ်ရေးမှတ်တမ်း ပုံစံနိုင်-၂ တစ်စောင်ကို ရုံးလက်ခံအဖြစ် သိမ်းဆည်းထား၍ တစ်စောင်ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(ဌဌ) ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံမှ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံနိုင်-၆ (က)တို့ကို ရရှိသည့်အခါ ပုံစံနိုင်-၇ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ ယင်းနိုင်ငံသားလက်မှတ်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားတို့ကို လက်ခံရရှိသည့်နေ့မှစ၍ တစ်လအတွင်း သက်ဆိုင်သူအား ခေါ်ယူ၍ လက်မှတ်ရေးထိုးစေပြီးနောက် ထုတ်ပေးရမည်၊

(ဍဍ) နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံနိုင်-၆ (က)တို့ကို လဲလှယ်ထုတ်ပေးရန် အကြောင်းကြားသူသည် အသက်တစ်ဆယ်နှစ်ပြည့်စဉ်က အခြားမြို့နယ်၌ မှတ်ပုံတင်ခဲ့သူဖြစ်ပါက ကိုယ်ရေးမှတ်တမ်း ပုံစံနိုင်-၂ မိတ္တူ တစ်စောင်ကို ထိုသူ မှတ်ပုံတင်ခဲ့သော မြို့နယ်

ဦးစီးဌာနမှူးရုံးထံမှ တောင်းခံရမည်။ ရရှိသည့်အခါ အပိုဒ်ခွဲငယ်စိတ် (ကက) မှ (ဌဌ) အထိ ဖော်ပြချက်များအတိုင်း ဆောင်ရွက်ရမည်၊

(ဎဎ) အသက်သုံးဆယ်နှစ် ပြည့်မြောက်သည့်အတွက် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံကပ်ပေးရန်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံနိုင်-၆ (က)ကို လဲလှယ်ပေးရန် အကြောင်းကြားသည့်အခါတွင်ဖြစ်စေ၊ အသက် လေးဆယ့်ငါးနှစ်ပြည့်မြောက်သည့်အတွက် နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆တွင် ဓာတ်ပုံကပ်ပေးရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံနိုင်-၆ (က)ကို လဲလှယ်ပေးရန် အကြောင်းကြားသည့် အခါတွင် ဖြစ်စေ အကြောင်းကြားသူနှင့်ပတ်သက်သည့် ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ မရှိပါက အပိုဒ်ခွဲငယ်စိတ် (ဍဍ)ပါအတိုင်း ဆောင်ရွက်ပေးရမည်၊

(ဏဏ) အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်မြောက်သည့်အတွက် နိုင်ငံသားလက်မှတ် ပုံစံနိုင်-၆၊နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) တို့ကို လဲလှယ်ထုတ်ပေးရန် အကြောင်းကြားသူသည်လည်းကောင်း၊ အသက် သုံးဆယ် နှစ် ပြည့် မြောက် သည့်အတွက် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံ ကပ်ပေးရန်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) ကို လဲလှယ်ပေးရန် အကြောင်းကြားသူသည်လည်းကောင်း၊အသက် လေးဆယ့်ငါးနှစ် ပြည့်မြောက်သည့်အတွက် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံကပ်ပေးရန်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)ကို လဲလှယ်ပေးရန် အကြောင်းကြားသူသည်လည်းကောင်း အခြားမြို့နယ်ဦးစီးဌာနမှူးရုံးတွင် လက်မှတ်၊ ကတ်ပြားလဲလှယ်ထုတ်ယူခဲ့သူဖြစ်ပါက ထိုသူ၏ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ ကို မိတ္တူကူးယူ၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ ပေးပို့ရမည်၊



(တတ) နိုင်ငံသားတစ်ဦး သေဆုံးကြောင်းကို သေဆုံးသူ၏ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)တို့နှင့်အတူ အကြောင်းကြားသည့်အခါ ပုံစံထွေ-၂ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနမှူးရုံးများထံသို့ အကြောင်းကြားရမည်၊

(ထထ) သေဆုံးသူ၏ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) တို့ကို ပယ်ဖျက်ရေးအတွက် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်း ဦးစီးဌာနမှူးရုံး ထံသို့ ပေးပို့ရမည်၊

(ဒဒ) ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံး ထံမှ အကြောင်း ပြန်ကြားသည့်အခါ သက်ဆိုင်သူ၏ အိမ်ထောင်စုစာရင်းမှ ထိုသူ၏အမည်ကို ပယ်ဖျက်ရမည်။ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် ရေးသွင်းရမည်၊

(၄) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ရန်

(ကက) အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသားမှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က)ကို နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)နှင့် လဲလှယ်ထုတ်ပေးခွင့်ပြုရန် မြို့နယ်ဦးစီးဌာနမှူးက တင်ပြသည့်အခါ တင်ပြချက်နှင့် ပတ်သက်၍ သဘောထားမှတ်ချက်ကို ပေးရမည်၊

(ခခ) မြို့နယ် ဦးစီးဌာနမှူးရုံးတွင် ပြုစုထားရှိသော မွေးဖွားသူ၊ သေဆုံးသူများ၏စာရင်း၊ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) ကိုင်ဆောင် ထားသူ

များ၏စာရင်းတို့ကို အခါအားလျော်စွာ စစ်ဆေးနိုင်သည်၊

( ၅ ) ပြည်နယ်နှင့် တိုင်းဦးစီးဌာနမှူးက ဆောင်ရွက်ရန်

(ကက) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံမှ အကြောင်းကြားချက်ကို ရရှိသည့်အခါ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) တို့ကို ထုတ်ပေးထားခြင်းခံရသူများ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် ရေးသွင်းပြီးနောက် မြို့နယ်အလိုက် သိမ်းဆည်းထားရှိရမည်၊

( ခခ ) နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) ထုတ်ပေးထားခြင်းခံရသူများ၏ စာရင်းကို မြို့နယ်အလိုက် ပုံစံ နိုင်-၇မှတ်ပုံတင်စာအုပ်ဖြင့် ပြုစုထားရှိရမည်၊

( ဂဂ ) အသက်သုံးဆယ်နှစ် ပြည့်မြောက်သည့်အတွက် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံကပ်ပေးရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) ကို လဲလှယ်ပေးရန်ဖြစ်စေ၊ အသက်လေးဆယ့်ငါးနှစ် ပြည့်မြောက်သည့်အတွက် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံကပ်ပေးရန်နှင့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆(က)ကို လဲလှယ်ပေးရန်ဖြစ်စေ မြို့နယ်ဦးစီးဌာနမှူးထံမှ တင်ပြချက်ကို လက်ခံရရှိသည့်အခါ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံကပ်ပေးရမည်။ နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆ (က)ကို အသစ်လဲလှယ်ပေးရမည်။ ယင်းလက်မှတ်နှင့် ကတ်ပြားများကို သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ ပေးပို့ရမည်။ပုံစံ နိုင်-၇ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ ဆောင်ရွက်ချက်ကို တစ်လလျှင် တစ်ကြိမ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့ အစီရင်ခံရမည်၊



(ဃဃ) နိုင်ငံသားလက်မှတ် ပုံစံ နိုင် -၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင် -၆ (က) တို့ကို ပယ်ဖျက်ပေးရေးအတွက် မှတ်ချက်နှင့်အတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်၊

( ငင ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံမှ အကြောင်းပြန်ကြားချက်ကို ရရှိသည့်အခါ သက်ဆိုင်သူ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင် -၂ တွင် ရေးသွင်းရမည်။ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ ဆက်လက် အကြောင်းကြားရမည်၊

( စစ ) သေဆုံးသူများ၏ စာရင်းကို မြို့နယ်အလိုက် ပုံစံ ထေ-၂ ဖြင့် ပြုစုထားရှိရမည်၊

(ဆဆ) အသက် တစ်ဆယ့်ရှစ်နှစ်ပြည့်၍ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) တို့ကို လဲလှယ် ထုတ်ပေးခြင်း လုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ် ဦးစီးဌာနမှူးရုံးများကို ကြီးကြပ်ရမည်၊

( ၆ ) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ရန်

(ကက) အသက် တစ်ဆယ့်ရှစ်နှစ် ပြည့်၍ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) တို့ကို ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များကို ကြီးကြပ်ရမည်၊

( ခခ ) အသက်သုံးဆယ်နှစ် ပြည့်မြောက်သည့်အတွက် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံကပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင် -၆ (က)ကို လဲလှယ် ထုတ်ပေးခြင်းနှင့် ပတ်သက်၍

လည်းကောင်း၊ အသက်လေးဆယ့်ငါးနှစ်ပြည့် မြောက်သည့်အတွက် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံကပ်ခြင်း၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆(က)ကို လဲလှယ်ထုတ်ပေး ခြင်းနှင့် ပတ်သက်၍လည်းကောင်း ဆောင်ရွက် ချက်များကို ကြီးကြပ်ရမည်၊

(ဂဂ) အသက်တစ်ဆယ့်ရှစ်နှစ် ပြည့်မြောက်ပြီးသူများ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ များ၊ သေဆုံးသူ များ၏ စာရင်းများ ပြုစု ထားရှိခြင်း တို့ကို ကြပ်မတ်ရမည်၊

(၄) လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဦးစီးဌာနက ဆောင်ရွက်ရန်

(ကက) နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆ (က) တို့ကို ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးရုံးထံမှ တင်ပြသည့် အခါ စိစစ်ပြီး တွေ့ရှိချက်နှင့်အတူ အမှုတွဲအပြည့်အစုံကို ပြည်ထဲရေးဝန်ကြီးဌာနထံသို့ တင်ပြရမည်၊

(ခခ) ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ကို ရရှိသည့် အခါ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)တို့ကို ထုတ် ပေးရန် ဆောင်ရွက်ရမည်၊

(ဂဂ) နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆ (က) တို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းက တာဝန်ပေးအပ်သူက ညွှန်ကြားရေးမှူးချုပ် ကိုယ်စား လက်မှတ်ရေးထိုးရမည်၊

(ဃဃ) နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ် ရေးကတ်ပြား ပုံစံ နိုင်-၆ (က)တို့ကို သက်ဆိုင် ရာ မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ ပေးပို့ရမည်။ ပုံစံ နိုင်-၇ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်၊



(ငင) နိုင်ငံသားလက်မှတ် ပုံစံနိုင်-၆၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆(က)ထုတ်ပေးပြီးသူများ၏ စာရင်းကို ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူး ရုံးထံသို့ ပေးပို့ရမည်၊

(စစ) အသက် တစ်ဆယ့်ရှစ်နှစ်ပြည့်၍ နိုင်ငံသား လက် မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံနိုင်-၆(က)တို့ကို ထုတ်ပေးပြီးသူများ၊ အသက် သုံးဆယ်နှစ်ပြည့်၍ ဖြစ်စေ၊ အသက်လေးဆယ့် ငါးနှစ်ပြည့်၍ ဖြစ်စေ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံ ကပ်ပေးပြီးသူများနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) လဲလှယ်ထုတ်ပေးပြီးသူများ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ များကို မြို့နယ်အလိုက် ပြုစုထားရှိ ရမည်၊

(ဆဆ) သေဆုံးသူများ၏ စာရင်းကို မြို့နယ်အလိုက် ပုံစံ ထွေ-၂ ဖြင့် ပြုစုထားရှိရမည်၊

(ဇဇ) ပြည်နယ်နှင့် တိုင်းဦးစီးဌာနမှူးရုံးက ပယ်ဖျက် ပေးရန် တင်ပြသည့်အခါ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)တို့ကို မှတ်ချက်နှင့်အတူ ပြည်ထဲရေးဝန်ကြီး ဌာနထံသို့ တင်ပြရမည်။ ပြည်ထဲရေးဝန်ကြီး ဌာန၏ အတည်ပြုချက်ကို ရရှိသည့်အခါ ထို လက်မှတ်နှင့် ကတ်ပြားများကို ပယ်ဖျက်ရမည်။ ပယ်ဖျက်ပြီးကြောင်းကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းနှင့် မြို့နယ် ဦးစီးဌာနမှူး ရုံးများထံသို့ အကြောင်းပြန်ကြားရမည်၊

(၅) ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်ရန်။ နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆(က)တို့ကို ထုတ်ပေးခွင့်ပြုရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၏ တင်ပြချက်ကို ရရှိသည့်အခါ စိစစ်ပြီးနောက် အဆုံး အဖြတ်ပေးရမည်။

နိုင်ငံတော်ပြင်ပတွင် မွေးဖွားသော နိုင်ငံသားအတွက် မွေးဖွားကြောင်း မှတ်ပုံတင်ခြင်း၊ မိဘ၏ နိုင်ငံသားလက်မှတ်တွင် အမည်ထည့်သွင်းခြင်း၊ သေဆုံးကြောင်း အကြောင်းကြားခြင်း၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသားမှတ်ပုံတင်ကတ်ပြား၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးခြင်း၊ နိုင်ငံသားလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ပေးခြင်း

၁၃။ နိုင်ငံတော်ပြင်ပတွင် မွေးဖွားသော နိုင်ငံသား တစ်ဦးအတွက် မိဘ သို့မဟုတ် အုပ်ထိန်းသူက မွေးဖွားကြောင်း မှတ်ပုံတင်ခြင်း၊ မိဘ၏ နိုင်ငံသားလက်မှတ်တွင် အမည်ထည့်သွင်းခြင်း၊ သေဆုံးကြောင်း အကြောင်းကြားခြင်း၊ အသက် တစ်ဆယ်နှစ်ပြည့်သဖြင့် မှတ်ပုံတင်ခြင်း၊ အသက် တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း၊ အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်သည့်နေ့ မှစ၍ တစ်နှစ်အတွင်း နိုင်ငံသားလက်မှတ်၊နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ထုတ်ပေးခြင်း တို့နှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) မွေးဖွားကြောင်းမှတ်ပုံတင်ခြင်း၊ မိဘ၏ နိုင်ငံသားလက်မှတ်တွင် အမည်ထည့်သွင်းခြင်း၊ သေဆုံးကြောင်း အကြောင်းကြားခြင်း

(၁) မိဘ သို့မဟုတ် အုပ်ထိန်းသူက လိုက်နာရန်

(ကက) ကလေးမွေးဖွားကြောင်း မွေးစာရင်း မိတ္တူနှင့် အတူ မွေးဖွားသည့်နေ့မှ စ၍ တစ်နှစ်အတွင်း မိဘ သို့မဟုတ် အုပ်ထိန်းသူသည် သက်ဆိုင်ရာ မြန်မာနိုင်ငံ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး ထံသို့ အကြောင်းကြားရမည်။ သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးက ပေးပို့သောမှတ်တမ်းလွှာ ပုံစံနိုင်-၈ ကို လက်ခံရရှိသည့်အခါ မှန်ကန်ပြည့်စုံစွာ ရေးသွင်းပြီးနောက် မိဘ၏နိုင်ငံသားလက်မှတ် ပုံစံနိုင်-၉ တွင်ကလေး၏အမည်ကို ထည့်သွင်းပေးရန် ယင်းလက်မှတ်နှင့် အတူ သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ ပြန်လည်ပေးပို့ရမည်၊

(ခခ) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး မရှိသော နိုင်ငံတွင် မွေးဖွားခြင်းဖြစ်ပါက မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မှတ်ပုံတင်ချောစာ



ဖြင့် နီးရာမြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့အကြောင်းကြားရမည်။ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့မဟုတ် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံမှပေးပို့သောမှတ်တမ်းလွှာ ပုံစံ နိုင်-၈ ကို လက်ခံရရှိသည့်အခါ မှန်ကန်ပြည့်စုံစွာ ရေးသွင်းပြီးနောက် မိဘ၏နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၉ တွင် ကလေး၏ အမည်ကို ထည့်သွင်းပေးရန် ယင်းလက်မှတ်နှင့်အတူ သက်ဆိုင်ရာမြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ ပြန်လည်ပေးပို့ရမည်၊

(ဂဂ) ကလေးမွေးဖွားသည့်နေ့မှ စ၍ တစ်နှစ်အတွင်း မှတ်ပုံ မတင်နိုင်သည့် အခါ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အကျိုးအကြောင်း ဖော်ပြ၍ မွေးစာရင်း မိတ္တူ၊ အထောက်အထားများနှင့် အတူ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန် ရုံးထံသို့ လျှောက်ထားရမည်၊

(ဃဃ) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး မရှိသော နိုင်ငံဖြစ်ပါက ကလေး မွေးဖွားသည့်နေ့မှ စ၍ တစ်နှစ်အတွင်း မှတ်ပုံ မတင်နိုင်သည့်အခါ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အကျိုး အကြောင်းဖော်ပြ၍ မွေးစာရင်း အထောက် အထားများနှင့်အတူ မှတ်ပုံတင် ချောစာဖြင့် နီးရာမြန်မာနိုင်ငံသံရုံးသို့မဟုတ် ကောင်စစ်ဝန်ရုံး သို့မဟုတ် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနထံသို့ လျှောက်ထားရမည်။ ပျက်ကွက်မှုအတွက် ကျသင့်သော ဒဏ်ငွေကို ပေးဆောင်မည်ဖြစ်ကြောင်း ဖော်ပြရမည်၊

(ငင) သက်ဆိုင်ရာမှ အကြောင်းကြားချက်ကို ရရှိသည့်အခါ အကြောင်းကြားစာတွင် ပါရှိသည့်အတိုင်း လိုက်နာရမည်။ ဒဏ်ငွေကို ပေးသွင်းရမည်၊

(စစ) ကလေးတစ်ဦး သေဆုံးသည့်အခါ သေဆုံးသည့်နေ့မှစ၍ တစ်လအတွင်း မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မြန်မာနိုင်ငံ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ အကြောင်းကြားရမည်၊

(ဆဆ) မြန်မာနိုင်ငံ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးမရှိသော နိုင်ငံတွင် သေဆုံးခြင်းဖြစ်ပါက သေဆုံးသည့် နေ့မှ စ၍ တစ်လအတွင်း မိဘ သို့မဟုတ် အုပ်ထိန်းသူက နီးရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့ အကြောင်းကြားရမည်၊

(၂) မြန်မာနိုင်ငံသံရုံးနှင့် ကောင်စစ်ဝန်ရုံးက ဆောင်ရွက်ရန်

(ကက) ကလေးမွေးဖွားကြောင်း မှတ်ပုံတင်ပေးရန် မွေးဖွားသည့်နေ့မှစ၍ တစ်နှစ်အတွင်း မိဘ သို့မဟုတ် အုပ်ထိန်းသူက အကြောင်းကြားသည့် အခါ မှတ်တမ်းလွှာ ပုံစံ နိုင်-ဂ ကို အကြောင်းကြားသူထံသို့ ပေးပို့ရမည်၊

(ခခ) မှတ်တမ်းလွှာ ပုံစံ နိုင်-ဂ ကို ပြန်လည်ရရှိသည့်အခါ စိစစ်ပြီးနောက် ပြည့်စုံပါက ပုံစံ ထွေ-၁ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ ပြည့်စုံခြင်း မရှိပါက လိုအပ်ချက်များကို အကြောင်းကြားသူထံမှ ထပ်မံတောင်းခံရမည်၊

(ဂဂ) မှတ်ပုံတင်ပြီးသည့် အခါ မိဘ၏ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ကလေး၏ အမည်ကို ထည့်သွင်းရေးအတွက် ကလေးနှင့် ပတ်သက်သည့် အကြောင်းအရာ အပြည့်အစုံကို ဖော်ပြပြီး နိုင်ငံခြားရေး ဝန်ကြီးဌာနမှတဆင့် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့ ပေးပို့ရမည်၊



(ဃဃ) လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံမှ ပြန်ကြားချက်ကို ရရှိသည့်အခါ မိဘ၏ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ကလေး၏ အမည်ကို မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး ၌ ကြီးအကဲက ထည့်သွင်းပေးရမည်၊

(ငင) ကလေးမွေးဖွားသည့်နေ့မှ စ၍ တစ်နှစ်အတွင်း မှတ်ပုံ မတင်နိုင်သည့်အခါ အကျိုးအကြောင်း ဖော်ပြ၍ မွေးစာရင်းမိတ္တူ၊ အထောက်အထားများနှင့်အတူ မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ လျှောက်ထားချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတဆင့်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(စစ) မှတ်ပုံတင်ခွင့်ပြုကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ထံမှ အကြောင်းပြန်ကြားချက်ကို ရရှိသည့်အခါ အပိုဒ်ခွဲငယ်စိတ် (ကက) မှ (ဃဃ)အထိ ဖော်ပြချက်များအတိုင်း ဆောင်ရွက်ရမည်၊

(ဆဆ) မွေးဖွားခြင်းဖြစ်ပါက ပုံစံ ထွေ-၁ မှတ်ပုံတင်စာအုပ်တွင်လည်းကောင်း၊ သေဆုံးခြင်းဖြစ်ပါက ပုံစံ ထွေ-၂ မှတ်ပုံတင်စာအုပ်တွင်လည်းကောင်း ရေးသွင်းရမည်။ သက်ဆိုင်သည့် အထောက်အထားများနှင့်အတူ ပုံစံ ထွေ-၃ ဖြင့် တစ်လလျှင် တစ်ကြိမ် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီး ဌာနထံသို့ ပေးပို့ရမည်၊

(၃) လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက ဆောင်ရွက်ရန်

(ကက) မိဘ၏နိုင်ငံသားလက်မှတ် ပုံစံနိုင်-၆ တွင် ကလေး၏ အမည်ထည့်သွင်းပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ ရုံးလက်ခံမှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးရမည်၊

(ခခ) လျှောက်ထားချက်ကို စိစစ် တွေ့ရှိချက်နှင့် အတူ ပြည်ထဲရေးဝန်ကြီးဌာနထံသို့ တင်ပြရမည်၊

(ဂဂ) မိဘ၏နိုင်ငံသားလက်မှတ် ပုံစံနိုင်-၆ တွင် ကလေး၏ အမည်ကို ထည့်သွင်းပေးရန် ပြည်ထဲရေးဝန်ကြီးဌာနက ခွင့်ပြုသည့်အခါ ထည့်သွင်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ အကြောင်းကြားရမည်။ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး မရှိသော နိုင်ငံဖြစ်ပါက နီးရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး ထံသို့ အကြောင်းကြားရမည်၊

(ဃဃ) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး မရှိသောနိုင်ငံဖြစ်ပါက ကလေးမွေးဖွားသည့် နေ့မှစ၍ တစ်နှစ်အတွင်း မိဘ သို့မဟုတ် အုပ်ထိန်းသူက မှတ်ပုံတင်ပေးရန် တိုက်ရိုက် လျှောက်ထားသည့် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ ရုံးလက်ခံမှတ်တမ်းများနှင့် တိုက်ဆိုင်စိစစ်ရမည်။ မှန်ကန်ပါက မှတ်ပုံတင်ပေးရမည်။ မိဘ၏ နိုင်ငံသား လက်မှတ် ပုံစံနိုင်-၆ တွင် အမည်ထည့်သွင်းပေးရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန ထံသို့ တင်ပြရမည်၊

(ငင) မိဘ၏ နိုင်ငံသားလက်မှတ် ပုံစံ နိုင်- ၆ တွင် ကလေး၏ အမည်ကို ထည့်သွင်းပေးရန် ပြည်ထဲရေးဝန်ကြီးဌာနက ခွင့်ပြုသည့်အခါ လူဝင်မှုကြီး



ကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ထည့်သွင်း ပေးရမည်။ သက်ဆိုင်သူ ထံသို့ နိုင်ငံသားလက်မှတ် ပုံစံ နိုင်- ၆ ကို ပြန်လည်ပေးပို့ရမည်၊

(စစ) ကလေး တစ်ဦးကို မွေးဖွားသည့်နေ့မှစ၍ တစ်နှစ်အတွင်း မှတ်ပုံမတင်နိုင်ခဲ့ခြင်းနှင့် ပတ်သက်သည့် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ ရရှိသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ဗဟိုအဖွဲ့ထံသို့ တင်ပြရမည်၊

(ဆဆ) ဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်ကို ရရှိသည့်အခါ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တဆင့် သက်ဆိုင်ရာ မြန်မာနိုင်ငံ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး ထံသို့ အကြောင်းပြန်ကြားရမည်၊

(ဇဇ) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး မရှိသော နိုင်ငံဖြစ်ပါက နီးရာမြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ဖြစ်စေ၊ လျှောက်ထားသူထံသို့ဖြစ်စေ ဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့် နေ့မှ စ၍ ခုနစ်ရက် အတွင်း အကြောင်း ပြန်ကြားရမည့်အပြင် သတ်မှတ်ထားသော ဒဏ်ငွေကိုလည်း ပေးသွင်းစေရမည်၊

(ဈဈ) နိုင်ငံတော်ပြင်ပတွင် မွေးဖွားသော ကလေးများ၏ အမည်စာရင်းကို ပုံစံ ထွေ - ၁ မှတ်ပုံတင် စာအုပ်တွင် လည်းကောင်း၊ သေဆုံးသော ကလေးများ၏ အမည်စာရင်းကို ပုံစံ ထွေ-၂ မှတ်ပုံတင် စာအုပ်တွင် လည်းကောင်း ရေးသွင်း ထားရှိရမည်၊

(ညည) မွေးဖွားသူ၊ သေဆုံးသူများ၏ စာရင်းတို့နှင့် ပတ်သက်၍ လေးလပတ် လုပ်ငန်းညှိနှိုင်း အစည်း အဝေးတွင် ညှိနှိုင်းရမည်၊

( ဓ ) အသက်တစ်ဆယ်နှစ်ပြည့်ပြီးမှ မှတ်ပုံတင်ခြင်း

( ၁ ) မိဘ သို့မဟုတ် အုပ်ထိန်းသူက လိုက်နာရန်

(ကက) မိမိ အုပ်ထိန်းမှုအောက်တွင်ရှိသော ကလေးတစ်ဦးအတွက် မှတ်ပုံတင်ပေးရန် အသက်တစ်ဆယ်နှစ်ပြည့်သည့် နေ့မှစ၍ တစ်နှစ်အတွင်း မိဘ သို့မဟုတ် အုပ်ထိန်းသူသည် သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ အကြောင်းကြားရမည်။ အကြောင်းကြားသည့်အခါ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်အတွက် ငွေသုံးကျပ်နှင့် ညီမျှသော နိုင်ငံခြားငွေ၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က)အတွက် ငွေသုံးကျပ်နှင့် ညီမျှသော နိုင်ငံခြားငွေကို မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ ပေးသွင်းရမည်။ ငွေပေးသွင်းပြီးကြောင်း ပြေစာကို တောင်းခံရမည်၊

(ခခ) ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်ကို မှန်ကန်ပြည့်စုံစွာ ကိုယ်တိုင် ရေးသွင်းရမည်။ မိဘ သို့မဟုတ် အုပ်ထိန်းသူ ကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။ ကလေး၏ လက်ဗွေ ပုံစံများနှင့် ခြေဗွေ ပုံစံများကို နှိပ်စေရမည်၊

(ဂဂ) ကလေး၏ ၁.၄"x၁.၂" အရွယ် ခေတ်ပုံ ငါးပုံ၊ ကလေးမွေးဖွားကြောင်း မှတ်ပုံတင် ခွင့်ပြုချက်မိတ္တူတို့ကို သက်ဆိုင်ရာ မြန်မာနိုင်ငံ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ ပေးအပ်ရမည်၊

(ဃဃ) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး မရှိသော နိုင်ငံတွင် နေထိုင်သူဖြစ်ပါက ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်အတွက် ငွေသုံးကျပ်နှင့်ညီမျှသော နိုင်ငံခြားငွေနှင့် အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားပုံစံနိုင်-၃(က)အတွက်ငွေသုံးကျပ်နှင့်ညီမျှသော နိုင်ငံခြားငွေကိုနီးရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ်



ကောင်စစ်ဝန်ရုံးထံသို့ ပေးသွင်းရမည်။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနထံသို့ တိုက်ရိုက်လျှောက်ထားသောကိစ္စဖြစ်ပါက ယင်းဦးစီးဌာန၏ သတ်မှတ်ထားသော ငွေစာရင်းခေါင်း စဉ် ဖြင့် မြန် မာ နိုင်ငံ၊ နိုင် ငံ ခြား ငွေ လဲလှယ်ရေးဘဏ်သို့ ပေးသွင်းရမည်၊

(ငင) ငွေပေးသွင်းပြီးသဖြင့် ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်ရရှိသည့်အခါ အပိုဒ်ခွဲငယ်စိတ် (ခခ)၊ (ဂဂ) ပါအတိုင်း ဆောင်ရွက်ရမည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ တိုက်ရိုက်လျှောက်ထားသော ကိစ္စဖြစ်ပါကလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(စစ) အသက်တစ်ဆယ်နှစ်ပြည့်သည့်နေ့မှ စ၍ တစ်နှစ်အတွင်း ကလေးတစ်ဦးကို မှတ်ပုံမတင်နိုင်သည့်အခါ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အကျိုးအကြောင်းဖော်ပြ၍ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ လျှောက်ထားရမည်။ ပျက်ကွက်မှုအတွက် ကျသင့်သော ကုန်ကျစရိတ်ကို ပေးဆောင်မည် ဖြစ်ကြောင်း ဖော်ပြရမည်၊

(ဆဆ) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး မရှိသော နိုင်ငံဖြစ်ပါက မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အကျိုးအကြောင်းဖော်ပြ၍ မှတ်ပုံတင်ချောစာဖြင့် နီးရာမြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ လျှောက်ထားရမည်၊

(ဇဇ) သက်ဆိုင်ရာထံမှ အကြောင်းကြားချက်ကို ရရှိသည့်အခါ အကြောင်းကြားစာတွင် ပါရှိသည့်အတိုင်း လိုက်နာရမည်။ ကုန်ကျစရိတ်ငွေကို ပေးသွင်းရမည်၊

(ဈဈ) သက်ဆိုင်ရာထံမှ အကြောင်းကြားစာကိုရရှိသည့်အခါ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃ နှင့် အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံနိုင်-၃(က) တို့ကို လက်မှတ်ရေးထိုး၍ ရယူရမည်၊

(ညည) ကလေးတစ်ဦး သေဆုံးသည့်အခါ ကလေးသေဆုံးသည့် နေ့မှ စ၍ တစ်လအတွင်း မိဘ သို့မဟုတ် အုပ်ထိန်းသူသည် သက်ဆိုင်ရာ မြန်မာနိုင်ငံ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ အကြောင်းကြားရမည်။ အကြောင်းကြားစာနှင့်အတူ သေဆုံးသူ၏ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က) တို့ကို ပူးတွဲပေးပို့ရမည်၊

(ဋဋ) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး မရှိသော နိုင်ငံတွင် ကလေးတစ်ဦး သေဆုံးသည့်အခါ ကလေးသေဆုံးသည့်နေ့မှစ၍တစ်လအတွင်း မိဘ သို့မဟုတ် အုပ်ထိန်းသူသည် နီးရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့ အကြောင်းကြားရမည်။ အကြောင်းကြားစာနှင့်အတူ သေဆုံးသူ၏ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား ပုံစံ နိုင်-၃၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က) တို့ကို ပူးတွဲပေးပို့ရမည်၊



(၂) မြန်မာနိုင်ငံသံရုံးနှင့် ကောင်စစ်ဝန်ရုံးက ဆောင်ရွက်ရန်

(ကက) အသက် တစ်ဆယ်နှစ်ပြည့်သည့် ကလေးတစ်ဦးကို မှတ်ပုံတင်ပေးရန် ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်အတွက် ငွေသုံးကျပ်နှင့် ညီမျှသော နိုင်ငံခြားငွေနှင့် အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က)အတွက် ငွေသုံးကျပ်နှင့် ညီမျှသော နိုင်ငံခြားငွေကို ပေးသွင်းပါက ငွေလက်ခံရရှိကြောင်း ပြေစာ နှစ်စောင်ကို ထုတ်ပေးရမည်။ ပုံစံနိုင်-၉ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်၊

(ခခ) အသက်တစ်ဆယ်နှစ်ပြည့်သည့် ကလေးတစ်ဦးကို မှတ်ပုံတင်ပေးရန် မိဘ သို့မဟုတ် အုပ်ထိန်းသူက အကြောင်းကြားသည့်အခါ ပုံစံ နိုင်-၁ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ မိဘ သို့မဟုတ် အုပ်ထိန်းသူကို ခေါ်ယူ မေးမြန်း၍ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်တွင် ပြည့်စုံစွာ ရေးသွင်းစေရမည်၊

(ဂဂ) ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်တွင် ရေးသွင်းပြီးပါက မိဘ သို့မဟုတ် အုပ်ထိန်းသူကို လက်မှတ်ရေးထိုးစေရမည်။ ကလေး၏ လက်ဗွေပုံစံများနှင့် ခြေဗွေပုံစံများကို နှိပ်စေရမည်၊

(ဃဃ) ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်ကို မွေးဖွားစဉ်က မှတ်ပုံတင်ပေးခဲ့သည့် မှတ်တမ်းနှင့် တိုက်ဆိုင်စစ်ဆေးရမည်။ မှန်ကန်ပါက မှတ်ပုံတင်ပေးရမည်၊

(ငင) မွေးဖွားစဉ်က မိမိရုံးတွင် မှတ်ပုံတင်ပေးခဲ့သည့် ကလေးမဟုတ်ကြောင်း တွေ့ရှိပါက စိစစ်နိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်။ မှန်ကန်ကြောင်း ပြန်ကြားချက် ရရှိသည့်အခါ မှတ်ပုံတင်ပေးရမည်၊

(စစ) မှတ်ပုံတင်ပြီးပါက အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃ နှင့် အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က) တို့ကို သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး အကြီးအကဲက လက်မှတ်ရေးထိုး၍ မိဘ သို့မဟုတ် အုပ်ထိန်းသူအား ထုတ်ပေးရမည်၊

(ဆဆ) ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တစ်စောင်ကို ရုံးလက်ခံအဖြစ် သိမ်းဆည်းထားရမည်။ နှစ်စောင်ကို ဓာတ်ပုံနှစ်ပုံနှင့်အတူ အသက်တစ်ဆယ် နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က) တို့ကို ထုတ်ပေးသည့်နေ့မှ စ၍ တစ်လအတွင်း နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(ဇဇ) အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသားမှတ်ပုံတင် ကတ်ပြား ပုံစံ နိုင်-၃ နှင့် အသက် တစ်ဆယ်နှစ် ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က) ထုတ်ပေးပြီးသူများ၏စာရင်းကို ပုံစံ နိုင်-၄ ဖြင့် ပြုစုထားရှိရမည်။ တစ်လလျှင် တစ်ကြိမ် ပုံစံ နိုင်-၄ နှစ်စောင်ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(ဈဈ) အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်လာမည့် နိုင်ငံသား များ၏ စာရင်းကို ပုံစံ နိုင်-၄ဖြင့် ပြုစုထားရှိရမည်၊

(ညည) အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား ပုံစံ နိုင်-၃ နှင့် အသက်တစ်ဆယ်နှစ် ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က)ကို ကိုင်ဆောင်ထားသူတိုင်းသည် အသက် တစ်ဆယ့်ရှစ်နှစ်ပြည့်သည့် နေ့မှ စ၍ တစ်နှစ် အတွင်း နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား



စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)တို့နှင့် လဲလှယ် ကိုင်ဆောင်ရမည်ဖြစ်ကြောင်း သက်ဆိုင်သူတို့ကို ကြိုတင်အသိပေးရမည်၊

(ဋဋ) ကလေးတစ်ဦးအတွက် အသက် တစ်ဆယ်နှစ် ပြည့်သည့်နေ့မှစ၍ တစ်နှစ်အတွင်း မှတ်ပုံမတင် နိုင်သဖြင့် မိဘ သို့မဟုတ် အုပ်ထိန်းသူက အကျိုး အကြောင်း ဖော်ပြ၍ လျှောက်ထားသည့်အခါ ကျသင့်သောကုန်ကျစရိတ်ငွေကို ပေးဆောင်စေ ရမည်၊

(ဌဌ) ကျသင့်သော ကုန်ကျစရိတ်ငွေ ပေးဆောင်ပြီး ကြောင်း ငွေရပြေစာများကို လက်ခံရရှိသည့် နေ့မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ မြန်မာ နိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးအကြီးအကဲ ၏ သဘောထားမှတ်ချက်နှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(ဍဍ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီး ဌာနထံမှ မှတ်ပုံတင်ခွင့်ပြုကြောင်း အကြောင်း ပြန်ကြားချက်ကို ရရှိသည့်အခါ ခွင့်ပြုသော ကာလမကုန်ဆုံးမီ မှတ်ပုံတင်ရန် သက်ဆိုင်ရာ မိဘ သို့မဟုတ် အုပ်ထိန်းသူထံသို့ အကြောင်း ကြားရမည်၊

(ဎဎ) မှတ်ပုံတင်ပေးရန် ခွင့်ပြုသော ကာလအတွင်း လျှောက်ထားသည့်အခါ အပိုဒ်ခွဲငယ်စိတ်(ကက) မှ ( ဆဆ ) အထိ ဖော်ပြချက်များအတိုင်း ဆောင်ရွက်ပေးရမည်၊

(ဏဏ) ကလေးတစ်ဦးသေဆုံးကြောင်းကို သေဆုံးသူ၏ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က) တို့နှင့်အတူ မိဘ သို့မဟုတ် အုပ်ထိန်းသူက အကြောင်းကြားသည့်အခါ ပုံစံထွေ-၂ မှတ်ပုံတင် စာအုပ်တွင် ရေးသွင်းရမည်၊

(တတ) သေဆုံးသူ၏ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင် ကတ်ပြား ပုံစံ နိုင်-၃ နှင့် အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က)တို့ကို ပယ်ဖျက်ရမည်။ ကိုယ်ရေး မှတ်တမ်း ပုံစံ နိုင်-၂ တွင်လည်းကောင်း၊ မိဘ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် လည်းကောင်း ရေးသွင်းရမည်၊

(ထထ) ဆောင်ရွက်ချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာန မှတဆင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနထံသို့ အကြောင်းကြားရမည်၊

(ဒဒ) အသက်တစ်ဆယ်နှစ်ပြည့်သည့် ကလေးတစ်ဦး သည် နိုင်ငံသား ဟုတ် မဟုတ် အကြောင်း ကိစ္စ ပေါ်ပေါက်သည့်အခါ နိုင်ငံခြားရေး ဝန်ကြီး ဌာနမှ တဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနထံသို့ အကြောင်းကြားရမည်၊

(၃) လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဦးစီးဌာန က ဆောင်ရွက်ရန်

(ကက) ကလေးတစ်ဦးအတွက် အသက်တစ်ဆယ်နှစ်ပြည့် သည့်နေ့မှစ၍ တစ်နှစ်အတွင်း မှတ်ပုံတင်ပေးရန် မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးမှ တဆင့် လျှောက်ထားချက်ကို လက်ခံရရှိသည့် အခါတွင်ဖြစ်စေ၊ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး မရှိသဖြင့် တိုက်ရိုက် လျှောက် ထားသည့်အခါတွင် ဖြစ်စေ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်အတွက် ငွေသုံးကျပ်နှင့် ညီမျှ သော နိုင်ငံခြားငွေနှင့် အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က) အတွက် ငွေသုံးကျပ်နှင့် ညီမျှသော နိုင်ငံခြား ငွေကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၏ သတ်မှတ်ထားသော ငွေစာရင်း



ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ၊ နိုင်ငံခြားငွေ လဲလှယ် ရေးဘဏ်သို့ ပေးသွင်းရန် မိဘ သို့မဟုတ် အုပ်ထိန်းသူထံသို့ အကြောင်းကြားရမည်၊

(ခခ) မြန်မာနိုင်ငံ၊ နိုင်ငံခြားငွေ လဲလှယ်ရေးဘဏ်ထံမှ ငွေပေးသွင်းပြီးကြောင်း အကြောင်းကြားချက်ကို ရရှိသည့်အခါ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်ကို လျှောက်ထားသူထံသို့ ပေးပို့ရမည်၊

(ဂဂ) ရေးသွင်းပြီး ပြန်လည်ပေးပို့သော ကိုယ်ရေး မှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်၊ ကလေး၏ ၁.၄"×၁.၂" အရွယ် ဓာတ်ပုံ ငါးပုံ၊ ကလေးမွေး ဖွားကြောင်း မှတ်ပုံတင် ခွင့်ပြုချက် မိတ္တူတို့ကို ရရှိသည့်အခါ မှတ်တမ်းများနှင့် တိုက်ဆိုင် စစ်ဆေးရမည်။ မှန်ကန်ပါက မှတ်ပုံတင်ပေးပြီး နောက် အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃ နှင့် အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က )တို့ကို ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းက တာဝန်ပေးအပ်သူက ညွှန် ကြားရေးမှူးချုပ်ကိုယ်စား လက်မှတ်ရေးထိုး၍ ပေးပို့ရမည်၊

(ဃဃ) မိဘ သို့မဟုတ် အုပ်ထိန်းသူက ကလေးတစ်ဦး အတွက် အသက် တစ်ဆယ်နှစ် ပြည့်သည့်နေ့မှ စ၍ တစ်နှစ်အတွင်း မှတ်ပုံ မတင်နိုင်သဖြင့် အကျိုးအကြောင်း ဖော်ပြ၍ လျှောက်ထား သည့်အခါ သဘောထား မှတ်ချက် နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာနထံသို့ တင်ပြရမည်၊

(ငင) ပြည်ထဲရေးဝန်ကြီးဌာနထံမှ မှတ်ပုံတင်ခြင်းနှင့် ပတ်သက်သော ဆုံးဖြတ်ချက်ကို ရရှိသည့်အခါ သတ်မှတ်ပေးသော ကာလအတွင်း ကျသင့် သော ဒဏ်ငွေကို ပေးဆောင်ပြီးနောက် မှတ်ပုံ တင်ပေးရန် လျှောက်ထားရမည် ဖြစ်ကြောင်း

သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ အကြောင်းပြန်ကြားရမည်။ မိမိဌာနထံသို့ တိုက်ရိုက် လျှောက်ထားခြင်းဖြစ်ပါက လျှောက်ထားသူထံသို့ အကြောင်း ပြန်ကြားရမည်၊

(စစ) မိမိဌာနထံသို့ တိုက်ရိုက်လျှောက်ထားသူများနှင့် ပတ်သက်၍ အပိုဒ်ခွဲငယ်စိတ်(ကက)၊ (ခခ)နှင့် (ဂဂ) ပါအတိုင်း ဆောင်ရွက်ပေးရမည်၊

(ဆဆ) အသက် တစ်ဆယ်နှစ်ပြည့်၍ မှတ်ပုံတင်ပြီးသူများ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တစ်စောင်ကို လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဦးစီးဌာနတွင် ထားရှိရမည်။ တစ်စောင်စီကို မိဘ သို့မဟုတ် အုပ်ထိန်းသူ ပြည်ပသို့ ထွက်ခွာမသွားမီက နောက်ဆုံးနေထိုင်ခဲ့သော လိပ်စာရှိရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ ပေးပို့ရမည်၊

(ဇဇ) အသက် ဘစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က) ထုတ်ပေးထားသူများ၏ စာရင်းကို နိုင်ငံအလိုက် ပုံစံ နိုင်-၄ ဖြင့် ပြုစုထားရှိရမည်။ ထိုစာရင်းကို တစ်လလျှင် တစ်ကြိမ် ပြည်ထဲရေးဝန်ကြီးဌာနထံသို့ တင်ပြရမည်၊

(ဈဈ) အသက် တစ်ဆယ်နှစ်ပြည့်ပြီး ဖြစ်သော်လည်း အသက် တစ်ဆယ့်ရှစ်နှစ် မကျော်လွန်မီ သေဆုံးသူများ၏ စာရင်းကို နိုင်ငံအလိုက် ပုံစံ ထွေ-၂ ဖြင့် ပြုစုထားရှိရမည်၊

(ညည) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး မရှိသော နိုင်ငံတွင် သေဆုံးခြင်း ဖြစ်ပါက သက်ဆိုင်သူက ပေးပို့သော အသက်တစ်ဆယ်နှစ် ပြည့်



နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က)တို့ကို ပယ်ဖျက်၍ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ များတွင် ရေးသွင်းရမည်၊

(ဋဋ) မှတ်ပုံတင်ပေးပြီးသူများ၏ စာရင်း၊ သေဆုံးသူများ၏ စာရင်းတို့နှင့် ပတ်သက်၍ လေးလပတ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ညှိနှိုင်းရမည်၊

(ဂ) အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်သဖြင့် နိုင်ငံသားလက်မှတ်၊နိုင်ငံသား စိစစ်ရေးကတ်ပြား လဲလှယ်ခြင်း

(၁) အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်ပြီးသူက လိုက်နာရန်

(ကက) အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံနိုင်-၃(က)တို့ကို ကိုင်ဆောင်ထားသူသည် နိုင်ငံသားလက်မှတ်ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)တို့နှင့် လဲလှယ်ပေးရန် အသက်တစ်ဆယ့်ရှစ်နှစ် ပြည့်သည့်နေ့မှစ၍ တစ်နှစ်အတွင်း မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ ကိုယ်တိုင်သွားရောက်၍ ဖြစ်စေ၊ မှတ်ပုံတင် ချောစာဖြင့် ဖြစ်စေ အကြောင်းကြားရမည်။ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) အတွက် ငွေသုံးကျပ်နှင့်ညီမျှသော နိုင်ငံခြားငွေကို သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ ပေးသွင်းရမည်။ ငွေပေးသွင်းပြီးကြောင်းပြေစာကို တောင်းခံရမည်၊

(ခခ) ငွေပေးသွင်းပြီးကြောင်းပြေစာကို ပြသ၍ ကိုယ်ရေးမှတ်တမ်း ပုံစံနိုင်-၂ သုံးစောင်ကို တောင်းယူပြီးနောက် မှန်ကန်ပြည့်စုံစွာ ရေးသွင်းရမည်၊

(ဂဂ) ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် ကိုယ်တိုင်လက်မှတ် ရေးထိုးရမည်။ လက်ဗွေပုံစံများနှင့် ခြေဗွေပုံစံများကို နှိပ်ရမည်၊

(ဃဃ) ၁.၄"×၁.၂" အရွယ် ဓာတ်ပုံ ငါးပုံ၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က) တို့ကို သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ ပေးအပ်ရမည်၊

(ငင) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး မရှိသော နိုင်ငံတွင် နေထိုင်သူဖြစ်ပါက နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)အတွက် ငွေ သုံးကျပ်နှင့်ညီမျှသော နိုင်ငံခြားငွေကို နီးရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ ပေးသွင်းရမည်။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဦးစီးဌာနထံသို့ တိုက်ရိုက်လျှောက်ထား သောကိစ္စဖြစ်ပါက ယင်းဦးစီးဌာန၏ သတ်မှတ် ထားသော ငွေစာရင်း ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ၊ နိုင်ငံခြားငွေလဲလှယ်ရေးဘဏ်သို့ ပေးသွင်းရမည်၊

(စစ) ငွေပေးသွင်းပြီးသဖြင့် ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်ကိုရရှိသည့်အခါ အပိုဒ်ခွဲငယ်စိတ် (ဂဂ)၊ (ဃဃ)ပါ အတိုင်း ဆောင်ရွက်ရမည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီး ဌာနထံသို့ တိုက်ရိုက် လျှောက်ထားသောကိစ္စ ဖြစ်ပါက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(ဆဆ) အသက် သုံးဆယ်နှစ် ပြည့်မြောက်သည့် အတွက် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံ ကပ်ပေးရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)ကို လဲလှယ်ပေးရန် ဖြစ်စေ၊ အသက် လေးဆယ့်ငါးနှစ်ပြည့်မြောက်သည့်အတွက် နိုင်ငံ သားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံကပ်ပေး ရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)ကို လဲလှယ်ပေးရန်ဖြစ်စေ အပိုဒ်ခွဲငယ်စိတ် (ကက) မှ (စစ)အထိ ဖော်ပြချက်များအတိုင်း လိုက်နာရမည်၊



(ဇဇ) အသက်သုံးဆယ် နှစ်ပြည့် မြောက်ပြီး တစ်နှစ် အတွင်း ရိုက်ကူးထားသော ၁.၄"×၁.၂" အရွယ် ဓာတ်ပုံ ငါးပုံ၊ အသက်လေးဆယ့်ငါးနှစ်ပြည့် မြောက်ပြီး တစ်နှစ်အတွင်း ရိုက်ကူးထားသော ၁.၄" × ၁.၂" အရွယ် ဓာတ်ပုံ ငါးပုံတို့ကို မြန်မာ နိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး၊ မြန်မာ နိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး မရှိသော နိုင်ငံဖြစ်ပါက နီးရာမြန်မာနိုင်ငံသံရုံး၊ ကောင်စစ် ဝန်ရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနသို့ ... တိုက်ရိုက်လျှောက်ထားသော ကိစ္စဖြစ်ပါက ယင်းဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(ဈဈ) သက်ဆိုင်ရာမြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင် စစ်ဝန်ရုံးမှ အကြောင်းကြားစာကို ရရှိသည့် အခါ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန် ရုံးသို့ သွားရောက်ပြီးနောက် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) တို့ကို လက်မှတ်ရေးထိုး၍ ထုတ်ယူ ရမည်၊

(ညည) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး မရှိ သော နိုင်ငံဖြစ်သဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံမှ တိုက်ရိုက်ပေးပို့ သော နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ နှင့် နိုင်ငံ သား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) တို့ကို ရရှိသည့်အခါ လက်ခံရရှိကြောင်း အကြောင်း ပြန်ကြားရမည်၊

(ဋဋ) နိုင်ငံသားတစ်ဦး သေဆုံးသည့်အခါ သက်ဆိုင် သူက ထိုနိုင်ငံသား သေဆုံးသည့်နေ့မှစ၍ တစ်လ အတွင်း သက်ဆိုင်ရာ မြန်မာနိုင်ငံ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ အကြောင်းကြားရမည်။ အကြောင်းကြားစာနှင့်အတူ သေဆုံးသူ၏ နိုင်ငံ သား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ် ရေးကတ်ပြား ပုံစံ နိုင်-၆ (က)တို့ကို ပူးတွဲပေးပို့ ရမည်၊

(ဥဥ) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး မရှိသော နိုင်ငံတွင် နိုင်ငံသား တစ်ဦးသေဆုံးသည့်အခါ သက်ဆိုင်သူက ထိုနိုင်ငံသား သေဆုံးသည့်နေ့မှ စ၍ တစ်လအတွင်း နီးရာမြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီး ဌာနထံသို့ အကြောင်းကြားရမည်။ အကြောင်းကြားစာနှင့်အတူ သေဆုံးသူ၏ နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံနိုင်-၆(က)တို့ကို ပူးတွဲပေးပို့ရမည်၊

(၂) မြန်မာနိုင်ငံသံရုံးနှင့် ကောင်စစ်ဝန်ရုံးက ဆောင်ရွက်ရန်

(ကက) နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆ (က)လဲလှယ်ထုတ်ပေးရန် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆ (က)အတွက် ငွေသုံးကျပ်နှင့်ညီမျှသောနိုင်ငံခြားငွေကို ပေးသွင်းပြီးပါက ငွေလက်ခံရရှိကြောင်း ပြေစာ နှစ်စောင်ကို ထုတ်ပေးရမည်။ ပုံစံနိုင်-၉ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်၊

(ခခ) သက်ဆိုင်သူက နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပုံစံ နိုင်-၆(က)တို့ကို လဲလှယ် ထုတ်ပေးရန် အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား ပုံစံ နိုင်-၃၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က)၊ ငွေသွင်း ပြေစာ၊ ဓာတ်ပုံ ငါးပုံတို့နှင့်အတူ အကြောင်းကြားသည့်အခါ ပုံစံ နိုင်-၁ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ အကြောင်းကြားသူကို ခေါ်ယူမေးမြန်း၍ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်တွင် ပြည့်စုံစွာ ရေးသွင်းစေရမည်၊



(ဂဂ) ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်တွင် ရေးသွင်းပြီးပါက ထိုသူကို လက်မှတ်ရေးထိုးစေရမည်။ လက်ဗွေ ပုံစံများနှင့် ခြေဗွေပုံစံများကို နှိပ်စေရမည်။ ထိုသူကို အသက်တစ်ဆယ်နှစ်ပြည့်မြောက်စဉ်က မှတ်ပုံတင်ပေးခဲ့သည့် မှတ်တမ်းနှင့် တိုက်ဆိုင် စစ်ဆေးရမည်၊

(ဃဃ) အသက် တစ်ဆယ်နှစ် ပြည့်မြောက်စဉ်က မိမိရုံး တွင် မှတ် ပုံ တင် ပေး ခဲ့သူ မဟုတ်ကြောင်း တွေ့ရှိပါက စိစစ်နိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(ငင) ကိုယ်ရေး မှတ်တမ်း ပုံစံ နိုင်-၂ တစ်စောင်တွင် ဓာတ်ပုံ တစ်ပုံ ကပ်ပြီး ရုံးလက်ခံအဖြစ် သိမ်းဆည်းထားရမည်။ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ နှစ်စောင်ကို ဓာတ်ပုံလေးပုံနှင့် အတူ တစ်လအတွင်း နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(စစ) နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) တို့ကို ရရှိသည့်အခါ သက်ဆိုင်သူအား ထုတ်ပေးရမည်၊

(ဆဆ) နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) ထုတ်ပေးပြီးသူများ၏ စာရင်းကို ပုံစံ နိုင်-၇ မှတ်ပုံတင်စာအုပ်ဖြင့် ပြုစုထားရှိရမည်။ပုံစံ နိုင်-၇ နှစ်စောင်ကို တစ်လလျှင်တစ်ကြိမ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(ဇဇ) အသက် သုံးဆယ်နှစ် ပြည့်မြောက်သည့် အခါ နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံ ကပ်ပေးရေးနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) ကို လဲလှယ်ပေးစေရန် ဖြစ်စေ၊

အသက် လေးဆယ့်ငါးနှစ် ပြည့်မြောက်သည့်အခါ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံကပ်ပေးရေးနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)ကို လဲလှယ်ပေးစေရန်ဖြစ်စေ လိုက်နာရမည့် အချက်များကို ကြိုတင်အသိပေးရမည်၊

(ဈဈ) အသက် သုံးဆယ်နှစ် ပြည့်မြောက်သည့် အတွက် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံကပ်ပေးရန်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)ကို လဲလှယ်ပေးရန် ဖြစ်စေ၊ အသက်လေးဆယ့်ငါးနှစ် ပြည့်မြောက်သည့်အတွက် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံကပ်ပေးရန်နှင့်နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံနိုင်-၆ (က)ကို လဲလှယ်ပေးရန်ဖြစ်စေ ဓာတ်ပုံ ငါးပုံနှင့် ငွေပေးသွင်းပြီးကြောင်း ပြေစာတို့နှင့် အတူ အကြောင်းကြားသည့် အခါ အပိုဒ်ခွဲငယ်စိတ် (ကက)မှ (ငင)အထိ ဖော်ပြချက်များအတိုင်း ဆောင်ရွက်ပေးရမည်၊

(ညည) နိုင်ငံသားတစ်ဦး သေဆုံးကြောင်းကို သေဆုံးသူ၏ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆ (က) တို့နှင့်အတူ သက်ဆိုင်သူက အကြောင်းကြားသည့် အခါ ပုံစံ ထွေ-၂ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်၊

ဋဋ) သေဆုံးသူ၏ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) တို့ကို ပယ်ဖျက်ရန် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့ ပေးပို့ရမည်။ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် ရေးသွင်းရမည်၊



(ဌဌ) ဆောင်ရွက်ချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့ အကြောင်းကြားရမည်၊

(ဍဍ) သူတစ်ဦးသည် နိုင်ငံသားဟုတ်မဟုတ်အကြောင်း ကိစ္စပေါ်ပေါက်ပါက နိုင်ငံခြားရေးဝန်ကြီးဌာနမှ တဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့ အကျိုးအကြောင်း ဖော်ပြ၍ အကြောင်းကြားရမည်၊

( ၃ ) လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက ဆောင်ရွက်ရန်

(ကက) နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) တို့ကို လဲလှယ်ထုတ်ပေးရန် တိုက်ရိုက်လျှောက်ထားသည့်အခါ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) အတွက် ငွေသုံးကျပ်နှင့် ညီမျှသော နိုင်ငံခြားငွေကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၏သတ်မှတ်ထားသောငွေစာရင်းခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ၊ နိုင်ငံခြားငွေ လဲလှယ်ရေး ဘဏ်သို့ ပေးသွင်းရန် အကြောင်းကြားရမည်၊

(ခခ) မြန်မာနိုင်ငံ၊ နိုင်ငံခြားငွေ လဲလှယ်ရေးဘဏ်ထံမှ ငွေလက်ခံရရှိကြောင်း အကြောင်းကြားချက်ကို ရရှိသည့် အခါ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်ကို လျှောက်ထားသူထံသို့ ပေးပို့ရမည်၊

(ဂဂ) ရေးသွင်းပြီးသည့် ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ သုံးစောင်၊ ၁.၄″×၁.၂″ အရွယ် ဓာတ်ပုံ ငါးပုံ၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က)တို့ကို ရရှိသည့်အခါ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံနိုင်-၆(က)တို့ကို လျှောက်ထားသူအား ထုတ်ပေးရန် ဆောင်ရွက်ရမည်၊

(ဃဃ) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး မရှိသဖြင့် မိမိဌာနထံသို့ တိုက်ရိုက်လျှောက်ထားခြင်းဖြစ်ပါက နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပုံစံနိုင်-၆(က)တို့တွင် ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် သို့မဟုတ် ယင်းက တာဝန်ပေးအပ်သူက ညွှန်ကြားရေးမှူးချုပ်ကိုယ်စား လက်မှတ်ရေးထိုးရမည်။ ပုံစံ နိုင်-၇ မှတ်ပုံတင် စာအုပ်တွင် ရေးသွင်းပြီးနောက် လျှောက်ထားသူထံသို့ တိုက်ရိုက်ပေးပို့ရမည်၊

(ငင) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးမှတဆင့် လျှောက်ထားခြင်းဖြစ်ပါက နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)တို့တွင် ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် သို့မဟုတ် ယင်းက တာဝန်ပေးအပ်သူက ညွှန်ကြားရေးမှူးချုပ် ကိုယ်စားလက်မှတ်ရေးထိုးရမည်။ ပုံစံ နိုင်-၇ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းပြီးနောက် သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ ပေးပို့ရမည်၊

(စစ) နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) ထုတ်ပေးပြီးသူများ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တစ်စောင်စီကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတွင် ထားရှိရမည်။ တစ်စောင်ကို ထိုသူ ပြည်ပသို့ မထွက်ခွာမီက နောက်ဆုံး နေထိုင်ခဲ့သောလိပ်စာရှိရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ ပေးပို့ရမည်၊

(ဆဆ) အသက်သုံးဆယ်နှစ် ပြည့်မြောက်သည့်အတွက် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံကပ်ပေးရန်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)ကို လဲလှယ်ပေးရန်ဖြစ်စေ၊ အသက်



လေးဆယ့်ငါးနှစ် ပြည့်မြောက်သည့်အတွက် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံကပ်ပေးရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)ကို လဲလှယ်ပေးရန်ဖြစ်စေ ဓာတ်ပုံလေးပုံ၊ ငွေပေးသွင်းပြီးကြောင်း ပြေစာ၊ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တို့နှင့်အတူ အကြောင်းကြားချက်ကို လက်ခံရရှိသည့်အခါ လိုအပ်သလို ဆက်လက် ဆောင်ရွက်ပေးရမည်၊

(ဇဇ) နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ တွင် ဓာတ်ပုံကပ်ပေးရမည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)ကို အသစ်လဲလှယ်ပေးရမည်။ဓာတ်ပုံလေးပုံအနက် တစ်ပုံစီကို နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)နှင့် ကိုယ်ရေးမှတ်တမ်း ပုံစံနိုင်-၂ တွင် ကပ်ရမည်။ တစ်ပုံကို ထိုသူ ပြည်ပသို့ ထွက်ခွာမသွားမီက နောက်ဆုံးနေထိုင်ခဲ့သော လိပ်စာရှိရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးရှိ ထိုသူ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် ကပ်ရန် ပေးပို့ရမည်၊

(ဈဈ) နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)တို့ကို သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ ပေးပို့ရမည်။ တိုက်ရိုက်လျှောက်ထားခြင်း ဖြစ်ပါက နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) တို့ကို သက်ဆိုင်သူထံသို့ ပေးပို့ရမည်။ ပုံစံ နိုင်-၅ မှတ်ပုံတင် စာအုပ်တွင် ရေးသွင်းရမည်၊

(ညည) နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)ထုတ်ပေးထားသူများစာရင်းကို နိုင်ငံအလိုက် ပုံစံ နိုင်-၇ မှတ်ပုံတင်စာအုပ်ဖြင့် ပြုစုထားရှိရမည်။ ထိုစာရင်းကို တစ်လလျှင်တစ်ကြိမ် ပြည်ထဲရေးဝန်ကြီးဌာနထံသို့ တင်ပြရမည်၊

(ငင) သေဆုံးသူများ၏ စာရင်းကို နိုင်ငံအလိုက် ပုံစံ ထွေ-၂ ဖြင့် ပြုစုထားရှိရမည်၊

(ဋဋ) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး မရှိသော နိုင်ငံတွင် သေဆုံးခြင်း ဖြစ်ပါက သက်ဆိုင်သူက ပေးပို့သော နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) တို့ကို ပယ်ဖျက်ပြီးနောက် ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် ရေးသွင်းရမည်။

၁၄။ နှစ် တစ်နှစ်ကို ရေတွက်ရာ၌ အပြည်ပြည်ဆိုင်ရာ ပြက္ခဒိန်အရ ရေတွက်ရမည်။

**ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အတွက် ဒဏ်ငွေကို ဖြစ်စေ၊ ကုန်ကျစရိတ်ကို ဖြစ်စေ ပေးဆောင်ခြင်း**

၁၅။ ဥပဒေပုဒ်မ ၉၊ ပုဒ်မ ၁၀ ပါအတိုင်း လိုက်နာရန်ပျက်ကွက်ပါက မိဘ သို့မဟုတ် အုပ်ထိန်းသူသည် ဥပဒေပုဒ်မ ၁၁ အရ သတ်မှတ်ထားသော ဒဏ်ငွေကိုဖြစ်စေ၊ ဤ လုပ်ထုံးလုပ်နည်းအရ သတ်မှတ်ထားသော ကုန်ကျစရိတ်ကို ဖြစ်စေ အောက်ပါနည်းလမ်းအတိုင်း ပေးဆောင်ရမည်—

(က) **နိုင်ငံတော်အတွင်း မွေးဖွားသူနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန်**

(၁) **မိဘ သို့မဟုတ် အုပ်ထိန်းသူက လိုက်နာရန်**

(ကက) အသက် တစ်ဆယ်နှစ် ပြည့်သည့်နေ့မှ စ၍ တစ်နှစ်အတွင်း မှတ်ပုံတင်ရန် ပျက်ကွက်သည့်အခါ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မြို့နယ် ဦးစီးဌာနမှူးရုံး၏ သတ်မှတ်ထားသော ငွေစာရင်း ခေါင်းစဉ်ဖြင့် တစ်နှစ်လျှင် ဒဏ်ငွေ ကျပ်ငါးဆယ်ကျစီကို မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းပြီးနောက် မူရင်းနှင့် မိတ္တူ ချလံနှစ်စောင်ကို မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ ပေးအပ်ရမည်၊



(ခခ) မှတ်ပုံတင်ရန် ငါးနှစ် ဆက်တိုက် ပျက်ကွက်သည့်အခါတိုင်း မြို့နယ် ဦးစီးဌာနမှူးရုံး၏ သတ်မှတ်ထားသော ငွေစာရင်း ခေါင်းစဉ်ဖြင့် ဒဏ်ငွေ ကျပ်တစ်ထောင်ကို မြို့နယ် မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းပြီးနောက် မူရင်းနှင့် မိတ္တူ ချလံနှစ်စောင်ကို မြို့နယ် ဦးစီးဌာနမှူးရုံးထံသို့ ပေးအပ်ရမည်၊

(ဂဂ) ဤ လုပ်ထုံး လုပ်နည်းအရ သတ်မှတ်သော ကုန်ကျစရိတ်သည်ကျပ်တစ်ဆယ်အထက်ဖြစ်ပါက မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရမည်။ ကျပ်တစ်ဆယ်နှင့်ကျပ်တစ်ဆယ်အောက်ဖြစ်ပါက မြို့နယ်ဦးစီးဌာနမှူးရုံးတွင် ပေးသွင်းရမည်၊

(၂) **မြို့နယ်ဦးစီးဌာနမှူးက ဆောင်ရွက်ရန်**

(ကက) ဒဏ်ငွေ၊ ကုန်ကျစရိတ်ငွေ ပေးဆောင်ပြီးသူများ၏ မူရင်း ချလံနှင့် ပြေစာများကို သိမ်းဆည်းထားပြီးနောက် မိတ္တူများကို တစ်လလျှင် တစ်ကြိမ် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ လည်းကောင်း ပေးပို့ရမည်၊

(ခခ) အသက်တစ်ဆယ်နှစ် ပြည့်သည့်နေ့မှစ၍ တစ်နှစ်အတွင်း မှတ်ပုံတင်ရန် ပျက်ကွက်သဖြင့် တစ်နှစ်လျှင် ဒဏ်ငွေ ကျပ်ငါးဆယ် ပေးဆောင်ပြီးသူများ၏ စာရင်းနှင့် ဒဏ်ငွေစာရင်းများကိုလည်းကောင်း၊ မှတ်ပုံတင်ရန် ငါးနှစ်ဆက်တိုက်ပျက်ကွက်သဖြင့် ဒဏ်ငွေ ကျပ်တစ်ထောင် ပေးဆောင်ပြီးသူများ၏ စာရင်းနှင့် ဒဏ်ငွေစာရင်းများကိုလည်းကောင်း ပုံစံ နိုင်-၉ မှတ်ပုံတင်စာအုပ်ဖြင့် ပြုစုထားရှိရမည်၊

(ဂဂ) ဒဏ်ငွေ စာရင်း၊ ကုန်ကျစရိတ်ငွေ စာရင်းကို အမျိုးအစားအလိုက်ပြုစု၍ တစ်လလျှင် တစ်ကြိမ် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာန

မှူးရုံးထံသို့ ပေးပို့ရမည်။ မိတ္တူကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနနှင့် မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ထံသို့ တင်ပြရမည်၊

(ဃဃ) သတ်မှတ်သောကုန်ကျစရိတ်ငွေပေးသွင်းခြင်းနှင့် ပတ်သက်၍ ငွေလက်ခံရရှိကြောင်း ပြေစာကို ထုတ်ပေးရမည်။ ကုန်ကျစရိတ်ရငွေများကို မြို့နယ် မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရမည်။ နေ့စဉ်ရငွေစာရင်း ပြုစုထားရှိရမည်၊

(ငင) မှတ်ပုံတင်ရန် ပျက်ကွက်သူများ၊ ဒဏ်ငွေနှင့် ကုန်ကျစရိတ်ငွေ ပေးဆောင်ရန် ကျန်ရှိသူများကို ရုံးမှတ်တမ်းများနှင့် တိုက်ဆိုင် စစ်ဆေး၍ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့နှင့် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ အခါအားလျော်စွာ အစီရင်ခံရမည်။ ထို့အပြင် သက်ဆိုင်သူများကို နှိုးဆော်ရမည်၊

(၃) မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ရန်

(ကက) ကုန်ကျစရိတ်ငွေရရှိမှု အခြေအနေနှင့်ပတ်သက်၍ မြို့နယ်ဦးစီးဌာနမှူးရုံးများကို အခါအားလျော်စွာ စစ်ဆေးရမည်၊

(ခခ) မှတ်ပုံတင်ရေး၊ ဒဏ်ငွေနှင့် ကုန်ကျစရိတ်ငွေများ ပေးဆောင်ရေးတို့ကို နှိုးဆော်ရန် ရပ်ကွက်နှင့် ကျေးရွာအုပ်စုပြည်သူ့ကောင်စီအလုပ်အမှုဆောင် အဖွဲ့များကို ကြပ်မတ်ရမည်၊

(၄) ပြည်နယ်နှင့် တိုင်းဦးစီးဌာနမှူးက ဆောင်ရွက်ရန်

(ကက) ဒဏ်ငွေ ပေးဆောင်ခြင်း၊ ကုန်ကျစရိတ်ငွေပေးဆောင်ခြင်းတို့ကို ကြီးကြပ်ရမည်၊

(ခခ) မြို့နယ်ဦးစီးဌာနမှူးရုံးများ၏ ဒဏ်ငွေ၊ ကုန်ကျစရိတ်ငွေ ရရှိမှုအခြေအနေကို အခါအားလျော်စွာ



စစ်ဆေးရမည်။ စစ်ဆေး တွေ့ရှိချက်များကို သုံးလလျှင် တစ်ကြိမ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ တင်ပြရမည်၊

(ဂဂ) ဒဏ်ငွေ၊ ကုန်ကျစရိတ်ငွေ ပေးဆောင်သူများ၏ စာရင်းနှင့် ဒဏ်ငွေ၊ ကုန်ကျစရိတ် ငွေစာရင်းများကို ပုံစံ နိုင်-၉ မှတ်ပုံတင်စာအုပ်ဖြင့် ပြုစုထားရှိရမည်၊

(ဃဃ) မှတ်ပုံတင်ရန်ပျက်ကွက်သူ၊ ဒဏ်ငွေပေးဆောင်ရန် ကျန်ရှိသူများကို အချိန်မီ မှတ်ပုံတင်ရေးနှင့် ဒဏ်ငွေ ပေးဆောင်ရေးအတွက် မြို့နယ်ဦးစီးဌာနမှူးများကို နှိုးဆော်ရမည်၊

(၅) **လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက ဆောင်ရွက်ရန်**

(ကက) ဒဏ်ငွေ ပေးဆောင်ခြင်း၊ ကုန်ကျစရိတ်ငွေ ပေးဆောင်ခြင်းတို့ကို ကြီးကြပ်ရမည်၊

(ခခ) ဒဏ်ငွေ၊ ကုန်ကျစရိတ်ငွေ ရရှိမှုအခြေအနေကို မြို့နယ်အလိုက်၊ ပြည်နယ်အလိုက်၊ တိုင်းအလိုက်၊ အမျိုးအစားအလိုက် ပုံစံ နိုင်-၉ မှတ်ပုံတင်စာအုပ်ဖြင့် စာရင်းပြုစုထားရှိရမည်၊

(ဂဂ) ဒဏ်ငွေ၊ ကုန်ကျစရိတ်ငွေ ရရှိမှု အခြေအနေ၊ မှတ်ပုံတင်ရန် ပျက်ကွက်သူများစာရင်း၊ ဒဏ်ငွေ ပေးဆောင်ရန် ပျက်ကွက်သူများ၏စာရင်းတို့ကို သုံးလလျှင် တစ်ကြိမ် ပြည်ထဲရေးဝန်ကြီးဌာနထံသို့ တင်ပြရမည်၊

(ခ) **နိုင်ငံတော်ပြင်ပတွင် မွေးဖွားသူနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန်**

(၁) **မိဘ သို့မဟုတ် အုပ်ထိန်းသူက လိုက်နာရန်**

(ကက) ကလေး မွေးဖွားသည့်နေ့မှစ၍ တစ်နှစ်အတွင်း မွေးဖွားကြောင်း မှတ်ပုံတင်ရန် ပျက်ကွက်သည့်အခါ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် တစ်နှစ်အတွက် ဒဏ်ငွေ ကျပ်ငါးဆယ်နှင့် ညီမျှသော

နိုင်ငံခြားငွေကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ သတ်မှတ်ထားသော ငွေစာရင်းခေါင်းစဉ်ဖြင့် သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ ပေးသွင်းရမည်၊

( ခခ ) မှတ်ပုံတင်ရန် ငါးနှစ်ဆက်တိုက် ပျက်ကွက်သည့်အခါတိုင်း ဒဏ်ငွေကျပ်တစ်ထောင်နှင့်ညီမျှသော နိုင်ငံခြားငွေကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ သတ်မှတ်ထားသော ငွေစာရင်းခေါင်းစဉ်ဖြင့် သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ ပေးသွင်းရမည်၊

( ဂဂ ) အသက်တစ်ဆယ်နှစ်ပြည့်သည့်နေ့မှ စ၍ တစ်နှစ်အတွင်း မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မှတ်ပုံတင်ရန် ပျက်ကွက်သည့်အခါ တစ်နှစ်အတွက် ကုန်ကျစရိတ်ငွေ ကျပ်ငါးဆယ်နှင့် ညီမျှသော နိုင်ငံခြားငွေကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ သတ်မှတ်ထားသော ငွေစာရင်းခေါင်းစဉ်ဖြင့် သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ ပေးသွင်းရမည်၊

(ဃဃ) မှတ်ပုံတင်ရန် ငါးနှစ်ဆက်တိုက် ပျက်ကွက်သည့်အခါတိုင်း ကုန်ကျစရိတ် ငွေကျပ်တစ်ထောင်နှင့်ညီမျှသော နိုင်ငံခြားငွေကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန၏ သတ်မှတ်ထားသော ငွေစာရင်းခေါင်းစဉ်ဖြင့် သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ ပေးသွင်းရမည်၊

( ငင ) ဤ လုပ်ထုံးလုပ်နည်းအရ သတ်မှတ်ထားသော ကုန်ကျစရိတ် ငွေများကို နိုင်ငံခြားငွေဖြင့် သက်ဆိုင်ရာ မြန်မာနိုင်ငံ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ ပေးသွင်းရမည်၊



## ( ၂ ) မြန်မာနိုင်ငံသံရုံးနှင့် ကောင်စစ်ဝန်ရုံးက ဆောင်ရွက်ရန်

(ကက) ဒဏ်ငွေ၊ ကုန်ကျစရိတ်ငွေ ပေးဆောင်ပြီးသူများ၏ မူရင်းပြေစာကို သိမ်းဆည်းထားပြီးနောက် မိတ္တူပြေစာများကို တစ်လလျှင်တစ်ကြိမ် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တဆင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်၊

( ခခ ) ကလေးမွေးဖွားသည့်နေ့မှ စ၍ တစ်နှစ်အတွင်း မှတ်ပုံတင်ရန် ပျက်ကွက်သဖြင့် တစ်နှစ်လျှင် ဒဏ်ငွေကျပ်ငါးဆယ်နှင့် ညီမျှသော နိုင်ငံခြားငွေပေးဆောင်ပြီးသူများ၏ စာရင်းနှင့် ဒဏ်ငွေစာရင်း၊ မှတ်ပုံတင်ရန် ငါးနှစ်ဆက်တိုက် ပျက်ကွက်သဖြင့် ဒဏ်ငွေကျပ် တစ်ထောင်နှင့် ညီမျှသော နိုင်ငံခြားငွေပေးဆောင်ပြီးသူများ၏ စာရင်းနှင့် ဒဏ်ငွေစာရင်းတို့ကို ပုံစံ နိုင်-၉ မှတ်ပုံတင်စာအုပ်ဖြင့် ပြုစုထားရှိရမည်၊

( ဂဂ ) အသက်တစ်ဆယ်နှစ် ပြည့်သည့်နေ့မှစ၍ တစ်နှစ်အတွင်း မှတ်ပုံတင်ရန် ပျက်ကွက်သဖြင့် တစ်နှစ်လျှင် ကုန်ကျစရိတ်ငွေကျပ်ငါးဆယ်နှင့်ညီမျှသော နိုင်ငံခြားငွေပေးဆောင်ပြီးသူများ၏ စာရင်းနှင့် ကုန်ကျစရိတ်ငွေစာရင်း၊ မှတ်ပုံတင်ရန် ငါးနှစ်ဆက်တိုက် ပျက်ကွက်သဖြင့် ကုန်ကျစရိတ်ငွေကျပ်တစ်ထောင်နှင့် ညီမျှသော နိုင်ငံခြားငွေပေးဆောင်ပြီးသူများ၏ စာရင်းနှင့် ကုန်ကျစရိတ်ငွေစာရင်းတို့ကို ပုံစံ နိုင်-၉ မှတ်ပုံတင်စာအုပ်ဖြင့် ပြုစုထားရှိရမည်၊

(ဃဃ) ဒဏ်ငွေ စာရင်း၊ ကုန်ကျစရိတ် ငွေစာရင်းကို အမျိုးအစားအလိုက်ပြုစု၍ တစ်လလျှင်တစ်ကြိမ် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(ငင) သတ်မှတ်သော ကုန်ကျစရိတ်ငွေပေးသွင်းခြင်းနှင့် ပတ်သက်၍ ငွေလက်ခံရရှိကြောင်း ပြေစာကို ထုတ်ပေးရမည်။ နေ့စဉ် ရငွေစာရင်းကို ပြုစုထားရှိရမည်၊

(စစ) ကလေးမွေးဖွားကြောင်း မှတ်ပုံတင်ရန်နှင့် အသက်တစ်ဆယ်နှစ်ပြည့်မှတ်ပုံတင်ရန် ပျက်ကွက်သူများ၊ဒဏ်ငွေနှင့် ကုန်ကျစရိတ်ငွေပေးသွင်းရန် ပျက်ကွက်သူများ၏ စာရင်းကို သုံးလလျှင်တစ်ကြိမ် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(၃) **လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက ဆောင်ရွက်ရန်**

(ကက) နိုင်ငံခြားငွေဖြင့် ရရှိသောဒဏ်ငွေ၊ ကုန်ကျစရိတ်ရငွေတို့၏ အခြေအနေကို သုံးလလျှင်တစ်ကြိမ် ပြည်ထဲရေးဝန်ကြီးဌာနထံသို့ တင်ပြရမည်၊

(ခခ) နိုင်ငံခြားငွေဖြင့် ရရှိသောဒဏ်ငွေ၊ ကုန်ကျစရိတ်ရငွေတို့၏ အခြေအနေကို နိုင်ငံအလိုက်၊ အမျိုးအစားအလိုက် စာရင်းကို ပုံစံ နိုင်-၉ မှတ်ပုံတင်စာအုပ်ဖြင့် ပြုစုထားရှိရမည်၊

(ဂဂ) နိုင်ငံခြားငွေဖြင့် ရရှိသောဒဏ်ငွေ၊ ကုန်ကျစရိတ်ရငွေတို့၏ အခြေအနေ၊ ကလေးမွေးဖွားကြောင်း မှတ်ပုံတင်ရန် ပျက်ကွက်သူများစာရင်း၊ အသက်တစ်ဆယ်နှစ်ပြည့်မှတ်ပုံတင်ရန် ပျက်ကွက်သူများစာရင်းနှင့် ဒဏ်ငွေ၊ ကုန်ကျစရိတ်ငွေပေးသွင်းရန် ပျက်ကွက်သူ စာရင်းများကို သုံးလလျှင် တစ်ကြိမ် ပြည်ထဲရေးဝန်ကြီးဌာနထံသို့ တင်ပြရမည်။



၁၆။ နိုင်ငံသားတစ်ဦးသည် ကလေးမွေးဖွားကြောင်းမှတ်ပုံတင်ရန် ပျက်ကွက်ပါက တစ်နှစ်ပြည့်တိုင်း ပျက်ကွက်သည့်နှစ်အရ တစ်နှစ်လျှင် ငွေကျပ်ငါးဆယ်ကျစ်ကို ပေးဆောင်ရမည်။ ကလေးမွေးဖွားပြီးနောက် ငါးနှစ်အထိ မှတ်ပုံတင်ရန် ပျက်ကွက်ပါက ငွေကျပ်တစ်ထောင်ကို ပေးသွင်းရမည်။ ဆက်လက်ပျက်ကွက်သည့်နှစ်များအတွက်တစ်နှစ်လျှင် ငွေကျပ်ငါးဆယ်ကျစ်ကိုနောက်ထပ်ပေးသွင်းရမည်။

**အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြား၊ နိုင်ငံသားလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူများက လိုက်နာရန်စည်းကမ်းများ**

၁၇။ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြားကို ကိုင်ဆောင်သူသည်လည်းကောင်း၊နိုင်ငံသားလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကိုင်ဆောင်သူသည်လည်းကောင်း အောက်ပါအတိုင်း လိုက်နာရမည်—

(က) အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံနိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံနိုင်-၃ (က)ကိုဖြစ်စေ၊ နိုင်ငံသားလက်မှတ် ပုံစံနိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံနိုင်-၆ (က) ကိုဖြစ်စေ စနစ်တကျ ကိုင်ဆောင်ထိန်းသိမ်းရမည်၊

(ခ) အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြားပုံစံနိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က)တို့တွင် လည်းကောင်း၊ နိုင်ငံသားလက်မှတ် ပုံစံနိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံနိုင်-၆(က)တို့တွင် လည်းကောင်း တစုံတရာရေးသွင်းခြင်း၊ ဖျက်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ မထင်မရှားဖြစ်အောင်ပြုလုပ်ခြင်းကို မပြုလုပ်ရ၊

(ဂ) အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြားပုံစံ နိုင်-၃ သို့မဟုတ် အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က)ကိုလည်းကောင်း၊ နိုင်ငံသားလက်မှတ် ပုံစံနိုင်-၆ သို့မဟုတ် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)ကိုလည်းကောင်း အခြားသူ တစ်ဦးအား လွှဲပြောင်းပေးခြင်း မပြုလုပ်ရ၊

(ဃ) အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံနိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံနိုင်-၃ (က) သို့မဟုတ် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) ပျောက်ဆုံးသည့်အခါတွင်ဖြစ်စေ၊ ပျက်စီးသည့်အခါတွင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုပြည်သူ့ကောင်စီရုံးနှင့် ပြည်သူ့ရဲစခန်းထံသို့ အကျိုးအကြောင်းဖော်ပြ၍ ကိုယ်တိုင် သို့မဟုတ် စာဖြင့် အမြန်ဆုံး တိုင်ကြားရမည်၊

(င) အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က)ဖြစ်စေ၊ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)ဖြစ်စေ ဟောင်းနွမ်းဆွေးမြည့် မထင်မရှားဖြစ်သည့်အခါ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ အကျိုးအကြောင်း ဖော်ပြသည့်စာဖြင့် အမြန်ဆုံး အကြောင်းကြားရမည်၊

(စ) သူတစ်ဦးသည် အခြားသူတစ်ဦး၏ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃ သို့မဟုတ် အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က)ကိုဖြစ်စေ၊ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆ သို့မဟုတ် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)ကို ဖြစ်စေ ကောက်ယူရရှိသည့်အခါ နီးရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုပြည်သူ့ကောင်စီရုံး သို့မဟုတ် နီးရာမြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ အမြန်ဆုံး ပေးအပ်ရမည်၊

(ဆ) အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံနိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က) သို့မဟုတ် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)တို့ကို ကိုင်ဆောင်သူတစ်ဦး သေဆုံးသည့်အခါ သေဆုံးသည့်နေ့မှစ၍ တစ်လအတွင်း သက်ဆိုင်သူက သေဆုံးသူကိုင်ဆောင်ခဲ့သော လက်မှတ်နှင့် ကတ်ပြားတို့ကို သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ ပေးအပ်ရမည်၊

(ဇ) နေရပ်လိပ်စာပြောင်းလဲသည့်အခါတိုင်း တစ်လအတွင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ အကြောင်းကြားရမည်၊



(ဈ) မိမိနေထိုင်ရာမြို့နယ်မှ အခြားမြို့နယ်တစ်ခုသို့ ခရီးထွက်ခွာသည့်အခါ အသက်တစ်ဆယ့်ရှစ်နှစ် မပြည့်သေးသူသည် အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား ပုံစံ နိုင်-၃ သို့မဟုတ် အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံနိုင်-၃ (က)ကို ယူဆောင်သွားရမည်။ အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်ပြီးသူသည် နိုင်ငံသားလက်မှတ် ပုံစံနိုင်-၆ သို့မဟုတ် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)ကို ယူဆောင်သွားရမည်။ တာဝန်ရှိသူက စစ်ဆေးရန် တောင်းခံသည့်အခါ သက်ဆိုင်ရာ လက်မှတ် သို့မဟုတ် ကတ်ပြားကို ပြသရမည်၊

(ည) တာဝန်ရှိသူက စစ်ဆေးရန် တောင်းခံသည့်အခါ မိမိနေထိုင်ရာမြို့နယ်အတွင်းဖြစ်ပါက သက်ဆိုင်ရာ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံနိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က) သို့မဟုတ် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) တို့ကို ပြသရမည်။

**နိုင်ငံတော်အတွင်း နေထိုင်သော နိုင်ငံသားတစ်ဦး၏ ကတ်ပြားဖြစ်စေ၊ လက်မှတ်ဖြစ်စေ ပျောက်ဆုံးပျက်စီးသည့်အခါ မိတ္တူထုတ်ပေးရန် ဆောင်ရွက်ခြင်း**

၁၈။ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံသားလက်မှတ်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပျောက်ဆုံးပျက်စီးသဖြင့် မိတ္တူကို ထုတ်ပေးရေးအတွက် နိုင်ငံတော်အတွင်းဖြစ်ပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်—

(က) **မိဘ သို့မဟုတ် အုပ်ထိန်းသူ သို့မဟုတ် အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်ပြီးသူက လိုက်နာရန်**

(၁) အသက် တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က) တစ်ခုခု သို့မဟုတ် နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)တစ်ခုခု ပျောက်ဆုံးသည့် အခါတွင်ဖြစ်စေ၊ ပျက်စီးသည့်အခါတွင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီရုံး၊ ပြည်သူ့ရဲစခန်းနှင့် မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ အကျိုးအကြောင်း ဖော်ပြ၍ ကိုယ်တိုင် သို့မဟုတ် စာဖြင့် အမြန်ဆုံးတိုင်ကြားရမည်၊

( ၂ ) မြို့နယ် ဦးစီးဌာနမှူးရုံးက အကြောင်းကြားသည့်အခါ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က) မိတ္တူကို ဖြစ်စေ၊ နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆ (က) မိတ္တူကို ဖြစ်စေ ထုတ်ပေးနိုင်ရေးအတွက် ငွေကျပ်တစ်ဆယ်ကို မြို့နယ်ဦးစီးဌာနမှူးရုံးတွင် ပေးသွင်းရမည်။ ငွေပေးသွင်းပြီးကြောင်းပြေစာကို တောင်းခံရမည်၊

( ၃ ) ငွေပေးသွင်းပြီးကြောင်း ပြေစာကိုပြသ၍ မှတ်တမ်းလွှာ ပုံစံ ထွေ-၄ ကို မြို့နယ်ဦးစီးဌာနမှူးရုံးတွင် တောင်းခံရမည်။ ပုံစံ ထွေ-၄ တွင် မှန်ကန်ပြည့်စုံစွာ ရေးသွင်းပြီးနောက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ထံသို့တင်ပြ၍ သဘောထား မှတ်ချက်ကို တောင်းခံရမည်၊

( ၄ ) ပုံစံ ထွေ-၄ ကို ၁.၄″×၁.၂″ အရွယ် ဓာတ်ပုံနှစ်ပုံနှင့် အတူ မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ ပေးအပ်ရမည်၊

( ၅ ) ကိုင်ဆောင်ခွင့် ပြုထားသော အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က) တစ်ခုခုဖြစ်စေ၊ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) တစ်ခုခုဖြစ်စေ ပျောက် ဆုံး ပျက်စီးသည့်အခါ ပျောက်ဆုံးပျက်စီးပြီးမှ ရိုက်ကူးသည့် ဓာတ်ပုံနှစ်ပုံကို သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ ပေးအပ်ရမည်၊

( ၆ ) မြို့နယ် ဦးစီးဌာနမှူးရုံးက အကြောင်းကြားသည့် အခါ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃(က) မိတ္တူကို မိဘ သို့မဟုတ်အုပ်ထိန်း သူကိုယ်တိုင် မြို့နယ်ဦးစီးဌာနမှူးရုံးတွင် လက်မှတ်ရေးထိုး၍ ထုတ်ယူရမည်။ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား



စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) မိတ္တူကို သက်ဆိုင်သူ ကိုယ်တိုင် မြို့နယ်ဦးစီးဌာနမှူးရုံးတွင် လက်မှတ်ရေးထိုး၍ ထုတ်ယူရမည်၊

( ခ ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့က ဆောင်ရွက်ရန်

( ၁ ) အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်ပြည့်နှစ် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃(က)၊ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) ပျောက်ဆုံး ပျက်စီးသဖြင့် မှတ်တမ်းလွှာ ပုံစံ ထွေ-၄ ကို တင်ပြသည့် အခါ သဘောထားမှတ်ချက်ကို ပေးရမည်၊

( ၂ ) ပျောက်ဆုံးပျက်စီးကြောင်း တိုင်ကြားချက်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးတင်ပြရန် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှု ဆောင်အဖွဲ့က ညွှန်ကြားသည့်အခါ လိုအပ်သလို စုံစမ်း စစ်ဆေးပြီးနောက် တွေ့ရှိချက်ကို မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ထံသို့ ပြန်လည်တင်ပြရမည်၊

( ဂ ) ပြည်သူ့ရဲစခန်းက ဆောင်ရွက်ရန်။ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ် ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က)၊ နိုင်ငံသား လက်မှတ်ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) ပျောက်ဆုံးပျက်စီးကြောင်း မိဘ သို့မဟုတ် အုပ်ထိန်းသူထံမှ ဖြစ်စေ၊ သက်ဆိုင်သူထံမှဖြစ်စေ တိုင်ကြားချက်ကိုရရှိသည့်အခါ လိုအပ်သော စုံစမ်းစစ်ဆေးခြင်းများကို ပြုလုပ်ပြီးနောက် တွေ့ရှိ ချက်ကို သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ထံသို့ အမြန်ဆုံး ပေးပို့ရမည်။ မိတ္တူကို မြို့နယ်ဦးစီးဌာနမှူး ရုံးထံသို့ ပေးပို့ရမည်၊

( ဃ ) မြို့နယ်ဦးစီးဌာနမှူးက ဆောင်ရွက်ရန်

( ၁ ) အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃(က) သို့မဟုတ် နိုင်ငံသားလက်မှတ်

ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) ပျောက်ဆုံးပျက်စီးသဖြင့် မိတ္တူထုတ်ပေးရေးနှင့် ပတ်သက်သည့် တိုင်ကြားချက်ကို ရရှိပါက သက်ဆိုင်သူကို ခေါ်ယူမေးမြန်းရမည်။ ငွေကျပ်တစ်ဆယ်ကိုလည်း ပေးသွင်းစေရမည်။ ငွေလက်ခံရရှိကြောင်း ပြေစာကို ထုတ်ပေးရမည်၊

( ၂ ) ငွေပေးသွင်းပြီးကြောင်း ပြေစာတင်ပြသည့်အခါ မှတ်တမ်းလွှာ ပုံစံ ထွေ-၄ ကို ထုတ်ပေးရမည်၊

( ၃ ) မှတ်တမ်းလွှာ ပုံစံ ထွေ-၄ နှင့်အတူ သက်ဆိုင်သူ၏ ၁.၄''× ၁.၂'' အရွယ် ဓာတ်ပုံ နှစ်ပုံကို ပေးအပ်၍ ရရှိသည့်အခါ ပုံစံ ထွေ-၅ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ လက်ခံရရှိကြောင်း ပြေစာကို ထုတ်ပေးရမည်၊

( ၄ ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ထံမှ ပြည်သူ့ရဲစခန်း၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို ရရှိသည့်အခါ အမှုတွဲအပြည့်အစုံကို စိစစ်တွေ့ရှိချက်နှင့်အတူ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ထံသို့ တင်ပြရမည်။ ပြည်သူ့ရဲစခန်း၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို မရသေးပါက ရရှိသည်အထိ စောင့်ဆိုင်းပြီးမှ အမှုတွဲကို တင်ပြရမည်။ သို့ရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရန် ဆောင်ရွက်ရမည်၊

( ၅ ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ရရှိသည့်အခါ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က) မိတ္တူကို ထုတ်ပေးရေးအတွက် ဆက်လက်ဆောင်ရွက်ရမည်၊

( ၆ ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ သဘောထားမှတ်ချက်ကို ရရှိသည့်အခါ ယင်းသဘောထား မှတ်ချက်နှင့်အတူ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) မိတ္တူကို ထုတ်ပေးရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ တင်ပြရမည်၊



( ၇ ) အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က) မိတ္တူကို မြို့နယ်ဦးစီးဌာနမှူးကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။ ပုံစံ ထွေ-၅ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းပြီးနောက် မိဘ သို့မဟုတ် အုပ်ထိန်းသူအား လက်မှတ်ရေးထိုးစေ၍ ထုတ်ပေးရမည်၊

( ၈ ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံမှ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)မိတ္တူကိုရရှိသည့်အခါ ပုံစံ ထွေ-၅ မှတ်ပုံတင် စာအုပ်တွင် ရေးသွင်းပြီးနောက် သက်ဆိုင်သူအား လက်မှတ်ရေးထိုးစေ၍ ထုတ်ပေးရမည်၊

( ၉ ) အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က) မိတ္တူတွင် မူလကတ်ပြား၌ ဖော်ပြချက်များအတိုင်း ဖြည့်စွက် ရေးသားရမည်။ မိမိသဘောအလျောက် မည်သည့်အချက်အလက်ကိုမျှ ပြင်ဆင်ဖြည့်စွက်ခြင်း မပြုရ၊

(၁၀) အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က) မိတ္တူ သို့မဟုတ် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) မိတ္တူထုတ်ပေးခြင်းအတွက် ငွေရရှိမှု အခြေအနေကို ပုံစံ နိုင်-၉ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ ငွေရရှိမှု အခြေအနေကို တစ်လလျှင် တစ်ကြိမ် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ အစီရင်ခံရမည်။ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် လိုအပ်သလို ရေးသွင်းရမည်၊

(၁၁) ဆောင်ရွက်ချက်ကို သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ အစီရင်ခံရမည်၊

(၁၂) အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က) မိတ္တူကို ဖြစ်စေ၊ နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) မိတ္တူကို ဖြစ်စေ ထုတ်ပေးခြင်းနှင့်ပတ်သက်၍ တစ်လလျှင် တစ်ကြိမ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဦးစီးဌာန ထံသို့ အစီရင်ခံရမည်။ မိတ္တူကို သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ ပေးပို့ရမည်၊

(င) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ရန်

(၁) အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက် တစ်ဆယ် နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က) သို့မဟုတ် နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) ပျောက်ဆုံး ပျက်စီးကြောင်း တိုင်ကြား ချက်နှင့် ပတ်သက်၍ ပြည်သူ့ နေခန်းထံမှ စုံစမ်းစစ်ဆေး တွေ့ရှိချက်ကို ရရှိသည့်အခါ မြို့နယ် ဦးစီးဌာနမှူးထံသို့ ပေးပို့ရမည်၊

(၂) ပြည့်စုံခြင်း မရှိပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့၍ဖြစ်စေ၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ကို ဖြစ်စေ စုံစမ်းစစ်ဆေး၍ တင်ပြရန် ညွှန်ကြားနိုင်သည်၊

(၃) မြို့နယ်ဦးစီးဌာနမှူးက အမှုတွဲအပြည့်အစုံကို တင်ပြသည့် အခါ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က) မိတ္တူကို ထုတ်ပေးရန် ဖြစ်ပါက အဆုံးအဖြတ်ပေးရမည်။ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) မိတ္တူကို ထုတ်ပေးရန် ဖြစ်ပါက သဘောထား မှတ်ချက် ပေးရမည်၊



(စ) ပြည်နယ်နှင့်တိုင်း ဦးစီးဌာနမှူးက ဆောင်ရွက်ရန်

(၁) မိတ္တူ ထုတ်ပေးပြီးသူများ၏ စာရင်းကို ရရှိသည့်အခါ သက်ဆိုင်သူ၏ ကိုယ်ရေး မှတ်တမ်း ပုံစံ နိုင်-၂ တွင် လိုအပ် သလို ရေးသွင်းရမည်၊

(၂) မိတ္တူထုတ်ပေးခြင်းအတွက် ကုန်ကျစရိတ်ငွေ ရရှိမှု အခြေ အနေကို မြို့နယ်အလိုက် ပုံစံ နိုင်-၉ မှတ်ပုံတင် စာအုပ်ဖြင့် ပြုစုထားရှိရမည်၊

(၃) မိတ္တူထုတ်ပေးခြင်းနှင့် ပတ်သက်၍ မြို့နယ်ဦးစီးဌာနမှူး ရုံးများ၏ ဆောင်ရွက်ချက်များကို ကြီးကြပ်ရမည်၊

(ဆ) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့က ဆောင်ရွက်ရန်

(၁) မိတ္တူထုတ်ပေးခြင်းနှင့် ပတ်သက်၍ သက်ဆိုင်သူတို့၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် ရေးသွင်းခြင်း ရှိ မရှိ၊ ကုန်ကျစရိတ်ငွေ ရရှိမှုအခြေအနေကို မြို့နယ်အလိုက် ပုံစံ နိုင်-၉ မှတ်ပုံတင်စာအုပ်ဖြင့် ပြုစုထားခြင်း ရှိ မရှိတို့ကို အခါအားလျော်စွာ စစ်ဆေးနိုင်သည်၊

(၂) မြို့နယ် ဦးစီးဌာနမှူးရုံးများက မိတ္တူ ထုတ်ပေးခြင်းကို ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးများက ကြပ်မတ် ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်၊

(ဇ) လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက ဆောင် ရွက်ရန်

(၁) နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆(က) ပျောက်ဆုံး ပျက်စီးသဖြင့် မိတ္တူထုတ်ပေးရန် သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနမှူးထံမှ အမှုတွဲကို လက်ခံရရှိသည့်အခါ စိစစ်ပြီး မှန်ကန်ပါက မိတ္တူထုတ်ပေးရေးအတွက် ဆောင်ရွက်ရမည်။ သက်ဆိုင် သူ၏ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် ရေးသွင်းရမည်၊

( ၂ ) နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆ (က) မိတ္တူတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းက တာဝန်ပေးအပ်သူက ညွှန်ကြားရေးမှူးချုပ် ကိုယ်စား လက်မှတ်ရေးထိုးရမည်။ သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနမှူးထံသို့ ပေးပို့ရမည်။ ပုံစံ ထွေ-၅ မှတ်ပုံတင် စာအုပ်တွင် ရေးသွင်းရမည်၊

( ၃ ) မိတ္တူထုတ်ပေးပြီးသူများ၏ စာရင်းကို သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ ပေးပို့ရမည်၊

( ၄ ) မူလကတ်ပြား သို့မဟုတ် လက်မှတ်၌ ဖော်ပြချက်များ အတိုင်း ရေးသားရမည်။ မိမိ သဘောအလျောက် မည်သည့် အချက်ကိုမျှ ပြင်ဆင်ဖြည့်စွက်ခြင်း မပြုရ၊

( ၅ ) မိတ္တူထုတ်ပေးသည့် ကိစ္စတိုင်းတွင် သက်ဆိုင်သူ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် ရေးသွင်းရမည်၊

( ၆ ) မိတ္တူထုတ်ပေးခြင်းအတွက် ကုန်ကျစရိတ်ငွေ ရရှိမှု အခြေအနေကို ပြည်နယ်အလိုက်၊ တိုင်းအလိုက် ပုံစံ နိုင်-၉ မှတ်ပုံတင် စာအုပ်ဖြင့် ပြုစုထားရှိရမည်၊

( ၇ ) ဆောင်ရွက်ချက်များကို သုံးလလျှင်တစ်ကြိမ် ပြည်ထဲရေးဝန်ကြီးဌာနထံသို့ တင်ပြရမည်။

နိုင်ငံတော်ပြင်ပတွင် နေထိုင်သော နိုင်ငံသားတစ်ဦး၏ ကတ်ပြားဖြစ်စေ၊ လက်မှတ်ဖြစ်စေ ပျောက်ဆုံးပျက်စီးသည့်အခါ မိတ္တူထုတ်ပေးရန် ဆောင်ရွက်ခြင်း

၁၉။ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား၊ နိုင်ငံသားလက်မှတ်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပျောက်ဆုံးပျက်စီးသဖြင့် မိတ္တူကို ထုတ်ပေးရေးအတွက် နိုင်ငံတော်ပြင်ပတွင်ဖြစ်ပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်—



(က) မိဘ သို့မဟုတ် အုပ်ထိန်းသူ သို့မဟုတ် အသက် တစ်ဆယ့်ရှစ်နှစ်ပြည့်ပြီးသူက လိုက်နာရန်

( ၁ ) အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃(က)၊ နိုင်ငံသားလက်မှတ် ပုံစံနိုင်-၆၊ နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံနိုင်-၆(က) ပျောက်ဆုံးပျက်စီးသည့်အခါ ပျောက်ဆုံးပျက်စီးသည့်နေ့မှစ၍ တစ်လအတွင်း အကျိုးအကြောင်း ဖော်ပြချက်ကို ရဲစခန်းထံသို့ တိုင်ကြားသည့် တိုင်ကြားချက်မိတ္တူ၊ ငွေကျပ်တစ်ဆယ်နှင့် ညီမျှသော နိုင်ငံခြားငွေနှင့်အတူ သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ အကြောင်းကြားရမည်၊

( ၂ ) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး မရှိသော နိုင်ငံဖြစ်ပါက ပျောက်ဆုံးပျက်စီးသည့်အခါ ပျောက်ဆုံးပျက်စီးသည့်နေ့မှ စ၍ တစ်လအတွင်း အကျိုးအကြောင်း ဖော်ပြချက်ကို ရဲစခန်းထံသို့ တိုင်ကြားသည့် တိုင်ကြားချက်မိတ္တူ၊ ငွေကျပ်တစ်ဆယ်နှင့် ညီမျှသော နိုင်ငံခြားငွေနှင့်အတူ နီးရာမြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ အကြောင်းကြားရမည်၊

( ၃ ) သက်ဆိုင်ရာမြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံမှ ပေးပို့သော ငွေလက်ခံရရှိကြောင်းပြေစာနှင့်မှတ်တမ်းလွှာ ပုံစံ ထွေ-၄ ကို ရရှိသည့်အခါ ပုံစံ ထွေ-၄တွင် ပြည့်စုံစွာ ရေးသွင်းပြီးနောက် ၁.၄″×၁.၂″အရွယ် ဓာတ်ပုံ နှစ်ပုံနှင့်အတူ ပြန်လည်ပေးပို့ရမည်၊

( ၄ ) သက်ဆိုင်ရာမြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံမှ အကြောင်းကြားချက်ကိုလက်ခံရရှိသည့်အခါ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံနိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က) မိတ္တူကို ထုတ်ယူရန် ဖြစ်ပါက မိဘ သို့မဟုတ် အုပ်ထိန်းသူကိုယ်တိုင် မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးတွင် လက်မှတ်ရေးထိုး၍ ထုတ်ယူရမည်။

နိုင်ငံသားလက်မှတ် ပုံစံနိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံနိုင်-၆(က)မိတ္တူကို ထုတ်ယူရန်ဖြစ်ပါက သက်ဆိုင်သူ ကိုယ်တိုင် မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးတွင် လက်မှတ်ရေးထိုး၍ ထုတ်ယူရမည်၊

## (ခ) မြန်မာနိုင်ငံသံရုံးနှင့် ကောင်စစ်ဝန်ရုံးက ဆောင်ရွက်ရန်

(၁) အသက် တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံနိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃(က) သို့မဟုတ် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) ပျောက်ဆုံးပျက်စီးသဖြင့် မိတ္တူထုတ်ပေးရန် ငွေကျပ်တစ်ဆယ်နှင့်ညီမျှသော နိုင်ငံခြားငွေနှင့်အတူ အကြောင်းကြားစာကို ရရှိသည့်အခါ ငွေရပြေစာနှင့် မှတ်တမ်းလွှာ ပုံစံ ထွေ-၄ ကို သက်ဆိုင်သူထံသို့ ပေးပို့ရမည်၊

(၂) မှတ်တမ်းလွှာ ပုံစံ ထွေ-၄ နှင့်အတူ သက်ဆိုင်သူ၏ ၁.၄″×၁.၂″ အရွယ် ဓာတ်ပုံ နှစ်ပုံကို ပြန်လည်ပေးပို့၍ လက်ခံရရှိသည့် အခါ ပုံစံ ထွေ-၅ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)မိတ္တူကို ထုတ်ပေးရန်ဖြစ်ပါက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့ ဆက်လက်ပေးပို့ရမည်၊

(၃) ရုံးရှိလက်ခံမှတ်တမ်းများနှင့် တိုက်ဆိုင်စိစစ်ရမည်။ မှတ်တမ်းများမရှိပါက စိစစ်ပေးနိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(၄) မှန်ကန်ကြောင်း စိစစ်တွေ့ရှိပါက အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က)မိတ္တူကို မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး အကြီးအကဲက လက်မှတ် ရေးထိုး၍ ထုတ်ပေးရမည်။ မိဘ သို့မဟုတ် အုပ်ထိန်းသူ ကိုယ်တိုင် လာရောက်၍ ထုတ်ယူစေရမည်၊



(၅) အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃(က)မိတ္တူတွင် မိမိသဘောအလျောက် မည်သည့်အချက်ကိုမျှ ပြင်ဆင်ဖြည့်စွက်ခြင်း မပြုရ၊

(၆) သက်ဆိုင်သူ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် လိုအပ်သလို ရေးသွင်းရမည်၊

(၇) မိတ္တူထုတ်ပေးရေးတွင် အခက်အခဲရှိသော ကိစ္စများနှင့် ပတ်သက်၍ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ထံသို့ အကြောင်းကြားရမည်၊

(၈) နိုင်ငံသားလက်မှတ် ပုံစံနိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)မိတ္တူကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံမှ လက်ခံရရှိသည့်အခါ သက်ဆိုင်သူ ကိုယ်တိုင် လာရောက်၍ ထုတ်ယူစေရမည်၊

(၉) အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က)အတွက်လည်းကောင်း၊ နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) အတွက်လည်းကောင်း မိတ္တူထုတ်ပေးပြီးသူများ၏ စာရင်းကို ပုံစံ ထွေ-၅ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ မိတ္တူထုတ်ပေးခြင်းနှင့် ပတ်သက်၍ တစ်လလျှင်တစ်ကြိမ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့ အကြောင်းကြားရမည်၊

(၁၀) မိတ္တူ ထုတ်ပေးခြင်းအတွက် ကုန်ကျစရိတ်ငွေ ရရှိမှုအခြေအနေကို ပုံစံ နိုင်-၉ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ ကုန်ကျစရိတ်ငွေ ရရှိမှုအခြေအနေကို တစ်လလျှင် တစ်ကြိမ် နိုင်ငံခြားရေးဝန်ကြီးဌာနမှတဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(ဂ) လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက ဆောင်ရွက်ရန်

(၁) နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆ (က) မိတ္တူထုတ်ပေးရန် အမှုတွဲကို လက်ခံရရှိသည့် အခါ ပုံစံ ထွေ-၅ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းပြီးနောက် ရုံးလက်ခံမှတ်တမ်းများနှင့် တိုက်ဆိုင်စိစစ်ရမည်၊

(၂) မှန်ကန်ကြောင်း စိစစ်တွေ့ရှိပါက နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) မိတ္တူကို လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းက တာဝန် ပေးအပ်သူက ညွှန်ကြားရေးမှူးချုပ် ကိုယ်စား လက်မှတ် ရေးထိုး၍ သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ ပေးပို့ရမည်၊

(၃) အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က) မိတ္တူ ထုတ်ပေးခြင်းနှင့် ပတ်သက်၍ သက်ဆိုင်သူ၏ မှတ်တမ်းများ မရှိသဖြင့် စိစစ်ပေးရန် ပေးပို့၍ လက်ခံရရှိသည့်အခါ ရုံးရှိမှတ်တမ်းများနှင့် တိုက်ဆိုင် စိစစ်ရမည်။ စိစစ် တွေ့ရှိချက်များကို သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ ပြန်လည် ပေးပို့ရမည်၊

(၄) နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆ (က) တွင် မိမိသဘောအလျောက် မည်သည့်အချက်ကိုမျှ ပြင်ဆင်ဖြည့်စွက်ခြင်း မပြုရ၊

(၅) အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက် တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က) သို့မဟုတ် နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) ပျောက်ဆုံးပျက်စီးသဖြင့် မိတ္တူကို ထုတ်ပေးခြင်းနှင့် ပတ်သက်၍ သက်ဆိုင်သူ၏ ကိုယ်ရေးမှတ်တမ်း ပုံစံနိုင်-၂ တွင် ရေးသွင်းရမည်၊



(၆) ထိုသူ ပြည်ပသို့ မထွက်ခွာမီက နောက်ဆုံး နေထိုင်ခဲ့သည့် လိပ်စာရှိရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ ပြည်ပသို့ ထွက်ခွာသူ၏ ကိုယ်ရေးမှတ်တမ်း ပုံစံနိုင်-၂ တွင် ရေးသွင်းနိုင်ရန် အကြောင်းကြားရမည်၊

(၇) အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသားမှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃(က)၊ နိုင်ငံသားလက်မှတ် ပုံစံနိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) မိတ္တူထုတ်ပေးပြီးသူများ၏ စာရင်းကို ပုံစံထွေ-၅ မှတ်ပုံတင်စာအုပ်ဖြင့် ပြုစုထားရှိရမည်။ မိတ္တူထုတ်ပေးခြင်းနှင့် ပတ်သက်၍ တစ်လလျှင်တစ်ကြိမ် ပြည်ထဲရေးဝန်ကြီးဌာနထံသို့ တင်ပြရမည်၊

(၈) မိတ္တူ ထုတ်ပေးခြင်းအတွက် ကုန်ကျစရိတ်ငွေ ရရှိမှုအခြေအနေကို ပုံစံနိုင်-၉ မှတ်ပုံတင်စာအုပ်ဖြင့် ပြုစုထားရှိရမည်။ ကုန်ကျစရိတ်ငွေ ရရှိမှုအခြေအနေကို တစ်လလျှင်တစ်ကြိမ် ပြည်ထဲရေးဝန်ကြီးဌာနထံသို့ တင်ပြရမည်။

**နိုင်ငံတော်အတွင်း နေထိုင်သူ၏ ကတ်ပြားဖြစ်စေ၊ လက်မှတ်ဖြစ်စေ ဟောင်းနွမ်းဆွေးမြည့် မထင်မရှားဖြစ်သည့်အခါ မိတ္တူထုတ်ပေးရန် ဆောင်ရွက်ခြင်း**

၂၀။ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား၊ နိုင်ငံသားလက်မှတ်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ဟောင်းနွမ်း ဆွေးမြည့် မထင်မရှားဖြစ်သဖြင့် မိတ္တူကို ထုတ်ပေးရေးအတွက် နိုင်ငံတော်အတွင်းဖြစ်ပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) မိဘ သို့မဟုတ် အုပ်ထိန်းသူ သို့မဟုတ် အသက်တစ်ဆယ့် ရှစ်နှစ်ပြည့်ပြီးသူက လိုက်နာရန်

(၁) အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက် တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃(က)၊ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)သည် ဟောင်းနွမ်းဆွေးမြည့် မထင်မရှားဖြစ်သဖြင့် မိတ္တူထုတ်ပေးရန်

ထိုသူ၏ ကတ်ပြားနှင့်လက်မှတ်များကို ပူးတွဲ၍ မိဘက ဖြစ်စေ၊ အုပ်ထိန်းသူက ဖြစ်စေ၊ အသက် တစ်ဆယ့်ရှစ်နှစ်ပြည့်ပြီးသူက ဖြစ်စေ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ ကိုယ်တိုင် သို့မဟုတ် စာဖြင့် အမြန်ဆုံး အကြောင်းကြားရမည်၊

( ၂ ) မြို့နယ်ဦးစီးဌာနမှူးရုံးမှ အကြောင်းကြားသည့် အခါ အသက် တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က) မိတ္တူကို ဖြစ်စေ၊ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) မိတ္တူကိုဖြစ်စေ ထုတ်ပေးနိုင်ရေးအတွက် ငွေကျပ်တစ်ဆယ်ကို မြို့နယ်ဦးစီးဌာနမှူးရုံးတွင် ပေးသွင်းရမည်။ ငွေပေးသွင်းပြီးကြောင်းပြေစာကို တောင်းခံရမည်၊

( ၃ ) ငွေပေးသွင်းပြီးကြောင်း ပြေစာ၊ ပျောက်ဆုံး ဆွေးမြည့် မထင်မရှားဖြစ်သည့် လက်မှတ်၊ ကတ်ပြား၊ မည်သည့်အတွက် ပျောက်ဆုံး ဆွေးမြည့် မထင်မရှား ဖြစ်ရကြောင်း ဖော်ပြချက်၊ ၁.၄"×၁.၂" အရွယ် ဓာတ်ပုံ နှစ်ပုံနှင့်အတူ မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ ပြန်လည် ပေးအပ်ရမည်။ လက်ခံရရှိကြောင်းပြေစာကို တောင်းခံရမည်၊

( ၄ ) ကိုင်ဆောင်ခွင့်ပြုထားသော အသက် တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က)တစ်ခုခုဖြစ်စေ၊ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) တစ်ခုခုဖြစ်စေ ပျောက်ဆုံး ဆွေးမြည့် မထင်မရှား ဖြစ်သည့်အခါ ပျောက်ဆုံး ဆွေးမြည့် မထင်မရှားဖြစ်ပြီးမှ ရိုက်ကူးသည့်ဓာတ်ပုံ နှစ်ပုံကို မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ ပေးအပ်ရမည်၊

( ၅ ) မြို့နယ်ဦးစီးဌာနမှူးရုံးက အကြောင်းကြားသည့် အခါ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင် -၃ ၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြားပုံစံနိုင်-၃(က)မိတ္တူကို မိဘ သို့မဟုတ်အုပ်ထိန်းသူ



ကိုယ်တိုင် မြို့နယ် ဦးစီးဌာနမှူးရုံးတွင် လက်မှတ်ရေးထိုး၍ ထုတ်ယူရမည်။ နိုင်ငံသားလက်မှတ် ပုံစံ နိုင် - ၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင် -၆ (က)မိတ္တူကို လျှောက်ထားသူကိုယ်တိုင် မြို့နယ်ဦးစီးဌာနမှူးရုံးတွင် လက်မှတ်ရေးထိုး၍ ထုတ်ယူရမည်၊

( ခ ) မြို့နယ်ဦးစီးဌာနမှူးက ဆောင်ရွက်ရန်

( ၁ ) အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က)၊ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) သည် ပျောက်ဆုံး ဆွေးမြည့် မထင်မရှား ဖြစ်သဖြင့် ကတ်ပြား သို့မဟုတ် လက်မှတ်မိတ္တူ ထုတ်ပေးရန် အကြောင်းကြားချက်ကို ရရှိသည့်အခါ သက်ဆိုင်သူကို ခေါ်ယူ၍ ဘဏ်မှတ်သော ကုန်ကျစရိတ် ငွေ ကျပ်တစ်ဆယ်ကို ပေးသွင်းစေရမည်။ ငွေလက်ခံရရှိကြောင်း ပြေစာကို ထုတ်ပေးရမည်၊

( ၂ ) ငွေပေးသွင်းပြီးကြောင်း ပြေစာ၊ ပျောက်ဆုံးဆွေးမြည့် မထင်မရှားဖြစ်သည့်လက်မှတ်၊ ကတ်ပြားနှင့် ၁.၄"×၁.၂" အရွယ် ဓာတ်ပုံ နှစ်ပုံတို့ကို ပေးအပ်သည့်အခါ ပုံစံ တွေ-၅ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ လက်ခံရရှိကြောင်း ပြေစာကို ထုတ်ပေးရမည်၊

( ၃ ) မည်သည့်အတွက် ပျောက်ဆုံး ဆွေးမြည့် မထင်မရှား ဖြစ်ရကြောင်းကို မေးမြန်း၍ မှတ်တမ်းတင်ရမည်၊

( ၄ ) မူးလက်ခံမှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးပြီးနောက် စိစစ်တွေ့ရှိချက်နှင့်အတူအမှုတွဲအပြည့်အစုံကို လျှောက်လွှာ လက်ခံရရှိသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ထံသို့ တင်ပြရမည်၊

( ၅ ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ရရှိသည့်အခါ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင် ၃(က)မိတ္တူကို ထုတ်ပေးရေးအတွက် ဆက်လက်ဆောင်ရွက်ရမည်၊

(၆) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူမှတ်ချက်ကို ရရှိသည့်အခါ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံနိုင်-၆(က) မိတ္တူကို ထုတ်ပေးရေးအတွက် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ သဘောထားမှတ်ချက်ကို အမှုတွဲနှင့်အတူ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနထံသို့ တင်ပြရမည်၊

(၇) အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က)မိတ္တူကို မြို့နယ်ဦးစီးဌာနမှူး ကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။ ပုံစံ ထွေ-၅ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းပြီးနောက် တစ်လအတွင်း မိဘ သို့မဟုတ် အုပ်ထိန်းသူအား လက်မှတ်ရေးထိုးစေ၍ ထုတ်ပေးရမည်၊

(၈) လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနထံမှ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) မိတ္တူကို ရရှိသည့်အခါ ပုံစံ ထွေ-၅ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းပြီးနောက် တစ်လအတွင်း သက်ဆိုင်သူအား လက်မှတ်ရေးထိုးစေ၍ ထုတ်ပေးရမည်၊

(၉) အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က)မိတ္တူတွင် မူလကတ်ပြား၌ ဖော်ပြချက်များအတိုင်း ဖြည့်စွက်ရေးသားရမည်။ မိမိသဘောအလျောက် မည်သည့်အချက်ကိုမျှ ပြင်ဆင်ဖြည့်စွက်ခြင်း မပြုရ၊

(၁၀) အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃(က) မိတ္တူတို့ကို ဖြစ်စေ၊ နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)မိတ္တူတို့ကို ဖြစ်စေ ထုတ်ပေးခြင်း အတွက် ငွေရရှိမှု အခြေအနေကို ပုံစံ နိုင်-၉ မှတ်ပုံတင် စာအုပ်တွင်



ရေးသွင်းရမည်။ ငွေရရှိမှု အခြေအနေကို တစ်လလျှင် တစ်ကြိမ် ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ အစီရင်ခံရမည်၊

(၁၁) ဟောင်းနွမ်း ဆွေးမြည့် မထင်မရှားဖြစ်သည့် အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က) တို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်။ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် လိုအပ်သလို ရေးသွင်းရမည်၊

(၁၂) ဆောင်ရွက်ချက်ကို သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ အစီရင်ခံရမည်၊

(၁၃) အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃(က)မိတ္တူတို့ကို ဖြစ်စေ၊ နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)မိတ္တူတို့ကို ဖြစ်စေ ထုတ်ပေးခြင်းနှင့်ပတ်သက်၍ တစ်လလျှင် တစ်ကြိမ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ထံသို့ အစီရင်ခံရမည်။ မိတ္တူကို သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ ပေးပို့ရမည်၊

(ဂ) မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ရန်။ မြို့နယ်ဦးစီးဌာနမှူးက အမှုတွဲအပြည့်အစုံကို တင်ပြသည့်အခါ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က) မိတ္တူတို့ကို ထုတ်ပေးရန်ဖြစ်ပါက အဆုံးအဖြတ် ပေးရမည်။ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆ (က) မိတ္တူတို့ကို ထုတ်ပေးရန်ဖြစ်ပါက သဘောထားမှတ်ချက်ပေးရမည်၊

(ဿ) ပြည်နယ်နှင့်တိုင်း ဦးစီးဌာနမှူးက ဆောင်ရွက်ရန်

(၁) မိတ္တူထုတ်ပေးသူများစာရင်းကို ရရှိသည့်အခါ သက်ဆိုင်သူ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် လိုအပ်သလို ရေးသွင်းရမည်၊

(၂) မိတ္တူထုတ်ပေးခြင်းအတွက် ကုန်ကျစရိတ်ငွေ ရရှိမှုအခြေအနေကို မြို့နယ်အလိုက် ပုံစံ နိုင်-၉ မှတ်ပုံတင်စာအုပ်ဖြင့် ပြုစုထားရှိရမည်၊

(၃) မိတ္တူထုတ်ပေးခြင်းနှင့်ပတ်သက်၍ မြို့နယ်ဦးစီးဌာနမှူးရုံးများ၏ ဆောင်ရွက်ချက်များကို ကြီးကြပ်ရမည်၊

(င) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ရန်

(၁) မိတ္တူထုတ်ပေးခြင်းနှင့် ပတ်သက်၍ သက်ဆိုင်သူများ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် ရေးသွင်းခြင်း ရှိ မရှိ၊ ကုန်ကျစရိတ်ငွေ ရရှိမှုအခြေအနေကို မြို့နယ်အလိုက် ပုံစံ နိုင်-၉ မှတ်ပုံတင်စာအုပ်ဖြင့် ထားရှိခြင်း ရှိ မရှိတို့ကို အခါအားလျော်စွာ စစ်ဆေးနိုင်သည်၊

(၂) မြို့နယ် ဦးစီးဌာနမှူးရုံးများက မိတ္တူထုတ်ပေးခြင်းကို ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးများက ကြပ်မတ် ဆောင်ရွက်သွားရန် ညွှန်ကြားနိုင်သည်၊

(စ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဆောင်ရွက်ရန်

(၁) နိုင်ငံသားလက်မှတ် ပုံစံနိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) ပျောင်းနွမ်း ဆွေးမြည့် မထင်မရှား ဖြစ်သဖြင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးထံမှ မိတ္တူထုတ်ပေးရန် အမှုတွဲကို ရရှိသည့်အခါ စိစစ်ပြီး မှန်ကန်ပါက မိတ္တူထုတ်ပေးရေးအတွက် ဆောင်ရွက်ရမည်။ သက်ဆိုင်သူ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် ရေးသွင်းရမည်၊



(၂) နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) မိတ္တူတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းက တာဝန်ပေးအပ်သူက ညွှန်ကြားရေးမှူးချုပ် ကိုယ်စား လက်မှတ်ရေးထိုးရမည်။ သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနမှူးထံသို့ ပေးပို့ရမည်။ ပုံစံ ထွေ-၅ မှတ်ပုံတင် စာအုပ်တွင် ရေးသွင်းရမည်၊

(၃) မိတ္တူထုတ်ပေးပြီးသူများ၏စာရင်းကို သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ ပေးပို့ရမည်၊

(၄) အသက် တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က) သို့မဟုတ် နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) တို့သည် ပျောင်းနွမ်း ဆွေးမြည့် မထင်မရှားဖြစ်သဖြင့် မိတ္တူထုတ်ပေးခြင်းအတွက် ငွေရရှိမှုအခြေအနေကို ပြည်နယ် အလိုက်၊ တိုင်းအလိုက် ပုံစံ နိုင်-၉ ဖြင့် ပြုစုထားရှိရမည်၊

(၅) ပျောင်းနွမ်း ဆွေးမြည့် မထင်မရှားဖြစ်သည့် အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က) တို့ကို ဖြစ်စေ၊ နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က) တို့ကို ဖြစ်စေ ရရှိသည့်အခါ ပယ်ဖျက်ခွင့်ပြုရန် ပြည်ထဲရေးဝန်ကြီးဌာနထံသို့ တင်ပြရမည်။ ခွင့်ပြုချက်ရရှိသည့်အခါ ပယ်ဖျက်ရမည်၊

(၆) ဆောင်ရွက်ချက်များကို သုံးလလျှင်တစ်ကြိမ် ပြည်ထဲရေး ဝန်ကြီးဌာနထံသို့ တင်ပြရမည်။

**နိုင်ငံတော်ပြင်ပတွင် နေထိုင် သူ၏ ကတ်ပြား ဖြစ်စေ၊ လက်မှတ်ဖြစ်စေ ပျောင်းနွမ်းဆွေးမြည့် မထင်မရှားဖြစ်သည့်အခါ မိတ္တူထုတ်ပေးရန် ဆောင်ရွက်ခြင်း**

၂၁။ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြား၊ နိုင်ငံသား လက်မှတ်၊ နိုင်ငံသား

စိစစ်ရေးကတ်ပြား ဟောင်းနွမ်း ဆွေးမြည့် မထင်မရှားဖြစ်သဖြင့် မိတ္တူကို ထုတ်ပေးရေးအတွက် နိုင်ငံတော်ပြင်ပတွင်ဖြစ်ပါက အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(က) မိဘ သို့မဟုတ် အုပ်ထိန်းသူ သို့မဟုတ် အသက်တစ်ဆယ့်ရှစ်နှစ် ပြည့်ပြီးသူက လိုက်နာရန်

(၁) အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြားပုံစံ နိုင်-၃(က)၊ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင် ငံ သား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) သည် ဟောင်းနွမ်းဆွေးမြည့် မထင်မရှားဖြစ်သဖြင့် မိတ္တူကို ထုတ်ပေးရန် ယင်းသူ၏ ကတ်ပြားနှင့် လက်မှတ်များကို ပူးတွဲ၍ မိဘကဖြစ်စေ၊ အုပ်ထိန်းသူက ဖြစ်စေ၊ အသက် တစ်ဆယ့်ရှစ်နှစ်ပြည့်ပြီးသူက ဖြစ်စေ သက်ဆိုင်ရာ မြန်မာ နိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ ငွေကျပ်တစ်ဆယ် နှင့် ညီမျှသော နိုင်ငံခြားငွေနှင့်အတူ အကျိုး အကြောင်း ဖော်ပြပြီး အကြောင်းကြားရမည်၊

(၂) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး မရှိသော နိုင်ငံဖြစ်ပါက နီးရာမြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ် ဝန်ရုံးသို့ ငွေကျပ်တစ်ဆယ်နှင့်ညီမျှသော နိုင်ငံခြားငွေနှင့် အတူ အကျိုးအကြောင်းဖော်ပြပြီး အကြောင်းကြားရမည်၊

(၃) ငွေပေးသွင်းပြီးကြောင်း ပြေစာ၊ ဟောင်းနွမ်းဆွေးမြည့် မထင်မရှားဖြစ်သည့်လက်မှတ်၊ ကတ်ပြား၊မည်သည့်အတွက် ဟောင်းနွမ်းဆွေးမြည့် မထင်မရှားဖြစ်ရကြောင်း ဖော်ပြ ချက်၊ ၁.၄″×၁.၂″အရွယ် ဓာတ်ပုံ နှစ်ပုံနှင့် အတူ သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး ထံသို့ ပေးပို့ရမည်၊

(၄) မိတ္တူထုတ်ပေးရန် လျှောက်ထားသူသည် အသက်သုံးဆယ် နှစ်နှင့် လေးဆယ့်ငါးနှစ်အတွင်းဖြစ်ပါက လျှောက်ထားချိန် တွင် ရိုက်ကူးသောဓာတ်ပုံ နှစ်ပုံ၊ အသက်လေးဆယ့်ငါးနှစ် ပြည့်ပြီးဖြစ်ပါက လျှောက်ထားချိန်တွင် ရိုက်ကူးသော ဓာတ်ပုံ နှစ်ပုံကို ပေးအပ်ရမည်၊



(၅) သက်ဆိုင်ရာမြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးက အကြောင်းကြားသည့် အခါ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ် ပုံ တင် ကတ်ပြား ပုံစံ နိုင်-၃၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က) မိတ္တူကို မိဘ သို့မဟုတ် အုပ်ထိန်းသူကိုယ်တိုင် မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးတွင် လက်မှတ် ရေးထိုး၍ ထုတ်ယူရမည်။ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆(က)မိတ္တူကို သက်ဆိုင်သူကိုယ်တိုင် မြန် မာ နိုင် ငံ သံ ရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးတွင် လက်မှတ်ရေးထိုး၍ ထုတ်ယူရမည်၊

(ခ) မြန်မာနိုင်ငံသံရုံးနှင့် ကောင်စစ်ဝန်ရုံးက ဆောင်ရွက်ရန်

(၁) အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံနိုင်-၃(က)၊ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) သည် ဟောင်းနွမ်း ဆွေးမြည့် မထင်မရှားဖြစ်သဖြင့် မိတ္တူကို ထုတ်ပေးရန် ငွေကျပ်တစ်ဆယ်နှင့်ညီမျှသော နိုင်ငံခြား ငွေနှင့်အတူ အကြောင်းကြားစာကို ရရှိသည့်အခါ ငွေပေး သွင်းပြီးကြောင်းပြေစာကို သက်ဆိုင်သူထံသို့ ပေးပို့ရမည်၊

(၂) ငွေပေးသွင်းပြီးကြောင်း ပြေစာ၊ ဟောင်းနွမ်း ဆွေးမြည့် မထင်မရှား ဖြစ်သည့် လက်မှတ်၊ ကတ်ပြားနှင့် ၁.၄″× ၁.၂″အရွယ် ဓာတ်ပုံ နှစ်ပုံကို ပေးပို့၍ လက်ခံရရှိသည့် အခါ ပုံစံ တေ-၅ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ လက်ခံရရှိကြောင်း ပြေစာကို ထုတ်ပေးရမည်၊

(၃) မည်သည့်အတွက် ဟောင်းနွမ်းဆွေးမြည့် မထင်မရှားဖြစ် ရကြောင်းကို မေးမြန်း၍ မှတ်တမ်းတင်ရမည်၊

(၄) ရုံးရှိမှတ်တမ်းများနှင့် တိုက်ဆိုင်စိစစ်ရမည်။ မှတ်တမ်းများ မရှိပါက စိစစ်ပေးနိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(၅) မှန်ကန်ကြောင်း စိစစ်တွေ့ရှိပါက အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က)မိတ္တူတွင် မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး အကြီးအကဲက လက်မှတ်ရေးထိုး၍ ထုတ်ပေးရမည်။မိဘ သို့မဟုတ် အုပ်ထိန်းသူကိုယ်တိုင် လာရောက်၍ ထုတ်ယူစေရမည်၊

(၆) အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃(က) မိတ္တူတွင် မူလကတ်ပြား၌ ဖော်ပြချက်များအတိုင်း ဖြည့်စွက်ရေးသားရမည်။ မိမိသဘောအလျောက် မည်သည့်အချက်ကိုမျှ ပြင်ဆင်ဖြည့်စွက်ခြင်း မပြုရ၊

(၇) ဟောင်းနွမ်း ဆွေးမြည့် မထင်မရှား ဖြစ်သည့် အသက် တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃ (က)တို့ကို နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(၈) သက်ဆိုင်သူ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် လိုအပ်သလို ရေးသွင်းရမည်၊

(၉) မိတ္တူထုတ်ပေးရေးတွင် အခက်အခဲရှိသော ကိစ္စများနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့ အကြောင်းကြားရမည်၊

(၁၀) နိုင်ငံသားလက်မှတ် ပုံစံနိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) မိတ္တူကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံမှ ရရှိသည့် အခါ သက်ဆိုင်သူကိုယ်တိုင် လာရောက်၍ ထုတ်ယူစေရမည်၊



(၁၁) အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က)၊ နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) မိတ္တူ ထုတ်ပေးပြီးသူများ၏စာရင်းကို ပုံစံ ထွေ-၅ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ မိတ္တူထုတ်ပေးခြင်းနှင့် ပတ်သက်၍ တစ်လလျှင်တစ်ကြိမ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့ အကြောင်းကြားရမည်၊

(၁၂) မိတ္တူထုတ်ပေးခြင်းအတွက် ကုန်ကျစရိတ်ငွေ ရရှိမှုအခြေအနေကို ပုံစံ နိုင်-၉ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ ကုန်ကျစရိတ်ငွေ ရရှိမှုအခြေအနေကို တစ်လလျှင်တစ်ကြိမ် နိုင်ငံခြားရေးဝန်ကြီးဌာနမှတဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(ဂ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဆောင်ရွက်ရန်

(၁) နိုင်ငံသားလက်မှတ် ပုံစံနိုင်-၆၊နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) မိတ္တူထုတ်ပေးရန် အမှုတွဲကို ရရှိသည့်အခါ ပုံစံ ထွေ-၅ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းပြီးနောက် ရုံးလက်ခံမှတ်တမ်းများနှင့် တိုက်ဆိုင်စိစစ်ရမည်၊

(၂) မှန်ကန်ကြောင်း စိစစ်တွေ့ရှိပါက နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆(က)မိတ္တူတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းက တာဝန်ပေးအပ်သူက ညွှန်ကြားရေးမှူးချုပ်ကိုယ်စား လက်မှတ်ရေးထိုးရမည်။ပုံစံ ထွေ-၅ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းပြီးနောက် သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး ထံသို့ ပေးပို့ရမည်၊

(၃) အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃၊ အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က) မိတ္တူ ထုတ်ပေးရေးနှင့်

ပတ်သက်၍ သက်ဆိုင်သူ၏ မှတ်တမ်းများ မရှိသဖြင့် စိစစ်ပေးရန် ပေးပို့၍ ရရှိသည့် အခါ ရုံးရှိ မှတ်တမ်းများနှင့် တိုက်ဆိုင် စိစစ်ရမည်။ စိစစ် တွေ့ရှိချက်များကို သက်ဆိုင်ရာ မြန်မာနိုင်ငံ သံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ ပြန်လည်ပေးပို့ရမည်၊

(၄) နိုင်ငံသားလက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၆ (က) မိတ္တူတွင် မူလလက်မှတ် သို့မဟုတ် ကတ်ပြား၌ ဖော်ပြချက်များအတိုင်း ရေးသားရမည်။ မိမိသဘောအလျောက် မည်သည့် အချက်ကိုမျှ ပြင်ဆင် ဖြည့်စွက်ခြင်း မပြုရ၊

(၅) မိတ္တူထုတ်ပေးသည့် ကိစ္စတိုင်းတွင် သက်ဆိုင်သူ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် ရေးသွင်းရမည်၊

(၆) ထိုသူ ပြည်ပသို့ မထွက်ခွာမီက နောက်ဆုံးနေထိုင်ခဲ့သည့် လိပ်စာရှိရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ ထိုသူ၏ ကိုယ်ရေးမှတ်တမ်း ပုံစံ နိုင်-၂ တွင် ရေးသွင်းနိုင်ရန် အကြောင်းကြားရမည်၊

(၇) ဟောင်းနွမ်း ဆွေးမြည့် မထင်မရှားဖြစ်သည့် အသက် တစ်ဆယ်နှစ်ပြည့် နိုင်ငံသား မှတ်ပုံတင် ကတ်ပြား ပုံစံ နိုင်-၃၊ အသက်တစ်ဆယ်နှစ်ပြည့် နိုင်ငံသား စိစစ်ရေး ကတ်ပြား ပုံစံ နိုင်-၃ (က)၊ နိုင်ငံသား လက်မှတ် ပုံစံ နိုင်-၆၊ နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က) တို့ကို ရရှိသည့်အခါ ပယ်ဖျက်ခွင့်ပြုရန် ပြည်ထဲရေးဝန်ကြီးဌာနထံသို့ တင်ပြရမည်။ ခွင့်ပြုချက်ရရှိသည့်အခါ ပယ်ဖျက်ရမည်၊

(၈) မိတ္တူထုတ်ပေးခြင်းနှင့် ပတ်သက်၍ တစ်လလျှင်တစ်ကြိမ် ပြည်ထဲရေးဝန်ကြီးဌာနထံသို့ တင်ပြရမည်၊

(၉) မိတ္တူထုတ်ပေးခြင်းအတွက် ကုန်ကျစရိတ်ငွေ ရရှိမှုအခြေအနေကို ပုံစံ နိုင်-၉ ဖြင့် ပြုစုထားရှိရမည်။ ကုန်ကျစရိတ်ငွေရရှိမှု အခြေအနေကို တစ်လလျှင်တစ်ကြိမ် ပြည်ထဲရေး ဝန်ကြီးဌာနထံသို့ တင်ပြရမည်။



နိုင်ငံသားတစ်ဦး၏ တာဝန်နှင့် အခွင့်အရေးများ

၂၂။ နိုင်ငံသားတစ်ဦးသည် ဥပဒေပုဒ်မ ၁၂ အရ အောက်ပါ တာဝန်နှင့် အခွင့်အရေးများရှိသည်-

(က) နိုင်ငံတော်၏ ဥပဒေများကို ရိုသေလိုက်နာရမည်၊

(ခ) နိုင်ငံတော်၏ ဥပဒေပါ တာဝန်များကို ထမ်းဆောင်ရမည်၊

(ဂ) နိုင်ငံတော်၏ ဥပဒေပါ အခွင့်အရေးများကို ခံစားခွင့် ရှိသည်။

နိုင်ငံသားတစ်ဦးသည် အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ်ကိုပါ တစ်ချိန်တည်းတွင် ခံယူခွင့်မရှိခြင်း

၂၃။ ဥပဒေပုဒ်မ ၁၃ အရ နိုင်ငံသားတစ်ဦးသည် အခြားနိုင်ငံ၏ နိုင်ငံသား အဖြစ်ကိုပါ ခံယူခွင့် မရှိပါ။ နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်၏ သစ္စာကိုသာ ခံယူရမည်။ အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ်ကို ခံယူခြင်းသည် ထိုနိုင်ငံ၏ သစ္စာကို ခံယူခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားတစ်ဦးသည် အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ်ကိုပါ တစ်ချိန်တည်းတွင် ခံယူခွင့် မရှိခြင်း ဖြစ်သည်။

နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်ပါဝင်နေသော စစ်မက်ကာလအတွင်း နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ခွင့်မရှိခြင်း

၂၄။ နိုင်ငံတော် ပါဝင်နေသော စစ်မက်ကာလသည် နိုင်ငံတော် အမွန့်ရှည်ရေးနှင့် အချုပ်အချာ အာဏာတည်မြဲရေးအတွက် လွန်စွာအရေးကြီးသော ကာလ ဖြစ်သည်။ နိုင်ငံသားများသည် နိုင်ငံတော်ကိုကာကွယ်ရန် မွေးရာပါ တာဝန် ရှိသည်။ သို့ဖြစ်၍ ဥပဒေ ပုဒ်မ ၁၄ အရ နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်ပါဝင်နေသော စစ်မက်ကာလအတွင်း နိုင်ငံသားအဖြစ်ကို မည်သည့် နည်းနှင့်မျှ စွန့်လွှတ်ခွင့် မရှိပါ။

နိုင်ငံသားအဖြစ်ကို အလိုအလျောက်မရရှိခြင်း

၂၅။ (က) ဥပဒေ ပုဒ်မ ၁၅ အရ-

(၁) နိုင်ငံသားတစ်ဦးသည် နိုင်ငံခြားသားနှင့် အိမ်ထောင်ပြုကာမျှဖြင့် နိုင်ငံသားအဖြစ်ကို အလိုအလျောက် ဆုံးရှုံးမည် မဟုတ်ပါ၊

(၂) နိုင်ငံခြားသားတစ်ဦးသည် နိုင်ငံသားနှင့် အိမ်ထောင်ပြုကာမျှဖြင့် နိုင်ငံသားအဖြစ်ကို အလိုအလျောက် ရရှိမည်မဟုတ်ပါ၊

(၁၈) ဥပဒေအာဏာတည်သည့် ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ နောက်ပိုင်းတွင် ဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်အရမှ အပ နိုင်ငံခြားသား တစ်ဦးသည် မည်သည့်နည်းနှင့်မျှ နိုင်ငံသားအဖြစ်ကို ရရှိမည် မဟုတ်ပါ။

နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်း

၂၆။ နိုင်ငံသား တစ်ဦးသည် ဥပဒေ ပုဒ်မ ၁၆ အရ အောက်ပါ ကိစ္စတစ်ရပ်ရပ်ကို ပြုလုပ်လျှင် နိုင်ငံသားအဖြစ်မှ ရပ်စဲသည်–

(က) နိုင်ငံတော်မှ အပြီးအပိုင်ထွက်ခွာခြင်း၊

(ခ) အခြားနိုင်ငံ၏ နိုင်ငံသားအဖြစ်ကို ခံယူခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်း၊

(ဂ) မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်ကို ကိုင်ဆောင်ပြီး နိုင်ငံတော်မှ အပြီးအပိုင် ထွက်ခွာခြင်း၊

(ဃ) အခြားနိုင်ငံ၏နိုင်ငံကူးလက်မှတ် သို့မဟုတ် အလားတူလက်မှတ်ကို ထုတ်ယူခြင်း။

မှတ်ချက်။ (၁) နိုင်ငံတော်မှ အပြီးအပိုင်ထွက်ခွာခြင်းဆိုရာတွင် ဥပဒေနှင့် အညီ အပြီးအပိုင် ထွက်ခွာခြင်းအပြင် ဥပဒေမဲ့ ခိုးထွက်ခြင်း၊ နယ်စပ်မှ ဟိုတ်ယာဆိတ် ထွက်ခွာခြင်းတို့လည်း ပါဝင်သည်၊

(၂) အလားတူ လက်မှတ်ဆိုရာတွင် အရေးပေါ် ခရီးသွားလက်မှတ်၊ အခြားနိုင်ငံကထုတ်ပေးသော မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်တို့ပါဝင်သည်။

၂၇။ မွေးရာပါ နိုင်ငံသား တစ်ဦးသည် အပိုဒ် ၂၆ ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကြောင့် နိုင်ငံသားအဖြစ်မှ ရပ်စဲသည့်ကိစ္စမှတပါး အခြား မည်သည့်အခြေအနေတွင်မျှ နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်းခံရမည် မဟုတ်ပါ။



နိုင်ငံတော်အတွင်းသို့ မတရားသောနည်းလမ်းဖြင့် ဝင်ရောက်လာသူများနှင့် မဟုတ်မမှန် ဖော်ပြခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းဖြင့် နိုင်ငံသားအဖြစ်ရရှိထားသူများကို အရေးယူခြင်း

၂၈။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှစ၍ နိုင်ငံတော်အတွင်းသို့ မတရားသောနည်းလမ်းဖြင့် ဝင်ရောက်လာကြပြီး နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်ခြင်းမရှိပဲ နေထိုင်လျက်ရှိသော နိုင်ငံခြားသားများသည် ပြည်ထဲရေးဝန်ကြီးဌာနက သတ်မှတ်သည့်နေ့ရက်ကို နောက်ဆုံးထား၍ နိုင်ငံတော်မှ ထွက်ခွာသွားရမည်။

၂၉။ အပိုဒ် ၂၈ တွင် ဖော်ပြပါရှိသော နိုင်ငံခြားသားများသည် ပြည်ထဲရေးဝန်ကြီးဌာနက သတ်မှတ်သည့်နေ့ရက် ကုန်ဆုံးပြီးသည်အထိ နိုင်ငံတော်မှထွက်ခွာခြင်းမပြုပါက နိုင်ငံခြားသားများ မှတ်ပုံတင်ရေး အက်ဥပဒေအရဖြစ်စေ၊ နိုင်ငံခြားသားများအက်ဥပဒေအရဖြစ်စေ၊ လူဝင်မှုကြီးကြပ်ရေး(လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေအရဖြစ်စေ အရေးယူရမည်။

၃၀။ အပိုဒ် ၇ တွင် ဖော်ပြထားသော ဥပဒေပုဒ်မ ၆ အရ နိုင်ငံသားအဖြစ်ရရှိသူသည် မဟုတ်မမှန်ဖော်ပြခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းဖြင့် နိုင်ငံသားအဖြစ်ကို ရရှိပါက ဥပဒေပုဒ်မ ၁၈ အရ နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်း ခံရမည့်အပြင် ထောင်ဒဏ်တစ်ဆယ်နှစ်နှင့် ငွေဒဏ် ကျပ် ငါးသောင်းကိုလည်း ကျခံစေရမည်ဖြစ်သည်။

၃၁။ ဥပဒေပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်သူအား အရေးယူရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) တရားစွဲဆိုခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ရန်

(၁) သူတစ်ဦးသည် မဟုတ်မမှန်ဖော်ပြခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းဖြင့် နိုင်ငံသားအဖြစ်ကို ရရှိခဲ့ကြောင်း တိုင်ကြားချက်ကို ရရှိသည့်အခါတွင်ဖြစ်စေ၊ သိရှိသည့်အခါတွင်ဖြစ်စေ ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်ပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ စစ်ဆေးစေနိုင်သည်၊

(၂) စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းတွေ့ရှိချက်ကိုပြည်ထဲရေးဝန်ကြီးဌာနထံသို့ တင်ပြရမည်၊

(၃) တရားစွဲဆိုရန် ဖြစ်ပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်၊

(၄) သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာ တရားရုံး၏ စီရင်ချက်နှင့် အမိန့်မိတ္တူကို ရယူပြီးနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(၅) အပြီးသတ်အမိန့်ချမှတ်ပြီးသည့် အခါတွင်ဖြစ်စေ၊ အယူခံအဆင့်ဆင့်အတွက် သတ်မှတ်ထားသော အယူခံခွင့်ကာလကုန်ဆုံးပြီးသည့်အခါတွင် ဖြစ်စေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနသည် အမှု အကြောင်းအရာအကျဉ်းချုပ်ကို ပြည်ထဲရေးဝန်ကြီးဌာနထံသို့ သိသာရန် တင်ပြရမည်။ အယူခံနောက်ဆုံးအဆင့်တွင် ပြစ်မှုထင်ရှားကြောင်း အတည်ပြုမှသာလျှင် နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းနိုင်ရန် ဗဟိုအဖွဲ့ထံသို့ တင်ပြရမည်၊

(ခ) နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ရန်

(၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနသည် ပြစ်မှုထင်ရှားကြောင်း အပြီးသတ်အမိန့်ချမှတ်သည့် တရားရုံး၏ စီရင်ချက်နှင့် အမိန့်မိတ္တူကို ရရှိသည့်အခါ ယင်းစီရင်ချက်နှင့် အမိန့်မိတ္တူကို အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ တရားရုံး၏ စီရင်ချက်နှင့် အမိန့်မိတ္တူရရှိသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ဗဟိုအဖွဲ့ထံသို့ တင်ပြရမည်၊

(၂) ဗဟိုအဖွဲ့သည် လိုအပ်သလို ဆုံးဖြတ်နိုင်သည်၊

(၃) ဗဟိုအဖွဲ့သည် မိမိ၏ဆုံးဖြတ်ချက်ကို သက်ဆိုင်သူထံသို့ အကြောင်းကြားရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနကို ညွှန်ကြားရမည်၊

(၄) နိုင်ငံသား အဖြစ်မှ ရုပ်သိမ်းကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ စ၍ ရက်ခြောက်ဆယ်အတွင်း သက်ဆိုင်သူက စာဖြင့် အကျိုးအကြောင်း ဖော်ပြ၍ ဝန်ကြီးအဖွဲ့ထံသို့ အယူခံနိုင်သည်၊



(၅) ဝန်ကြီးအဖွဲ့သည်—

(ကက) လိုအပ်သလို ဆုံးဖြတ်နိုင်သည်၊

(ခခ) မိမိ၏ ဆုံးဖြတ်ချက်နှင့်အတူ အမှုတွဲကို ဗဟိုအဖွဲ့ထံသို့ ပြန်လည်ပေးပို့ရမည်၊

(၆) ဗဟိုအဖွဲ့၏ နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းကြောင်း ဆုံးဖြတ်ချက်ကို ရရှိသည့်နေ့မှစ၍ ရက်ခြောက်ဆယ်အထိ ဝန်ကြီးအဖွဲ့သို့ အယူခံခြင်းမပြုပါက ဗဟိုအဖွဲ့သည် နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းကြောင်း ကြေငြာစေရန်နှင့် သက်ဆိုင်သူထံမှ နိုင်ငံသားလက်မှတ်ကို ရက်ခြောက်ဆယ် ပြည့်မြောက်သည့်နေ့မှ စ၍ တစ်လ အတွင်း သိမ်းဆည်းရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနကို ညွှန်ကြားရမည်၊

(၇) ဗဟိုအဖွဲ့၏ နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းကြောင်း ဆုံးဖြတ်ချက်ကို ရရှိသည့်နေ့မှစ၍ ရက်ခြောက်ဆယ်အတွင်း အယူခံသော်လည်း အယူခံတွင် ဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်ကို ဝန်ကြီးအဖွဲ့က အတည်ပြုကြောင်း ဆုံးဖြတ်ပါက ဗဟိုအဖွဲ့သည် နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းကြောင်း ကြေငြာစေရန်နှင့် သက်ဆိုင်သူထံမှ နိုင်ငံသားလက်မှတ်တို့ကို ဝန်ကြီးအဖွဲ့မှ ဆုံးဖြတ်သည့် နေ့မှ စ၍ တစ်လအတွင်း သိမ်းဆည်းရန် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနကို ညွှန်ကြားရမည်၊

(၈) နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်းခံရသူ၏ နိုင်ငံသားလက်မှတ်၊ နိုင်ငံသား စိစစ်ရေး ကတ်ပြားတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်မှတ်ရေးထိုး၍ ပယ်ဖျက်ရမည်။

၃၂။ ဥပဒေပုဒ်မ ၁၉ အရ နိုင်ငံသားတစ်ဦးသည် မသမာသောနည်းလမ်းဖြင့် နိုင်ငံသားလက်မှတ် သို့မဟုတ် ဧည့်နိုင်ငံသားလက်မှတ် သို့မဟုတ် နိုင်ငံသားပြုခွင့်လက်မှတ်ကို သူတစ်ဦးရရှိရန် အားပေးကူညီလျှင် ထောင်ဒဏ် ခုနစ်နှစ်နှင့် ဒဏ်ငွေ ကျပ်တစ်သောင်းကို ကျခံစေရမည်။ နိုင်ငံသားတစ်ဦးသည် မသမာသောနည်းလမ်းဖြင့် နိုင်ငံသားပြုမှုလက်မှတ်ကို သူတစ်ဦးရရှိရန် အားပေးကူညီလျှင် ဥပဒေပုဒ်မ ၁၉ ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉ နှင့်တွဲဖက်၍ ထိုသူကို အရေးယူရန်ဖြစ်သည်။

နိုင်ငံတော်အတွင်းနေထိုင်သော နိုင်ငံသားအဖြစ်မှ ရုပ်စဲခံရသူ၊ ရုပ်သိမ်းခံရသူ၏ နိုင်ငံသားလက်မှတ်ကို ပယ်ဖျက်ခြင်း

၃၃။ နိုင်ငံသားအဖြစ်မှ ရုပ်စဲခံရသူ သို့မဟုတ် ရုပ်သိမ်းခံရသူနှင့် ပတ်သက်၍ ဥပဒေပုဒ်မ ၂၀ ပုဒ်မခွဲ(က)အရ ထိုသူ၏ နိုင်ငံသားလက်မှတ်ကို ပယ်ဖျက်ရေးအတွက် နိုင်ငံတော်အတွင်းဖြစ်ပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်—

(က) ဗဟိုအဖွဲ့၏ ညွှန်ကြားချက်ကို ရရှိသည့်အခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနသည် ထိုသူ၏ နိုင်ငံသား လက်မှတ်ကို ပယ်ဖျက်ကြောင်း အများပြည်သူ သိရှိနိုင်ရန် ဆောင်ရွက်ရမည့် အပြင် ဗဟိုအဖွဲ့၏ ညွှန်ကြားချက်ကို ရရှိသည့်နေ့မှ စ၍ ခုနစ်ရက်အတွင်း သက်ဆိုင်သူထံသို့ စာဖြင့် အကြောင်းကြားရမည်၊

(ခ) ပယ်ဖျက်ထားသော နိုင်ငံသားလက်မှတ်၊ နိုင်ငံသား စိစစ်ရေး ကတ်ပြားတို့ကို ကိုင်ဆောင်သူထံမှ သိမ်းဆည်းစေရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးကို ညွှန်ကြားရမည်။ မိတ္တူကို သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးထံသို့ ပေးပို့ရမည်၊

(ဂ) မြို့နယ်ဦးစီးဌာနမှူးသည် ပယ်ဖျက်ထားသောနိုင်ငံသားလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို သိမ်းဆည်းရန်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံမှ ညွှန်ကြားစာရရှိသည့်နေ့မှ စ၍ တစ်လအတွင်း ပယ်ဖျက်ထားသော နိုင်ငံသားလက်မှတ်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားတို့ကို ကိုင်ဆောင်သူထံမှ သိမ်းဆည်းရမည်။ ယင်းတို့ကို သိမ်းဆည်းပြီးသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(ဃ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနသည် ပယ်ဖျက်ထားသော နိုင်ငံသား လက်မှတ်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားတို့ကို ရရှိသည့်အခါ ပုံစံထွေ-၆ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းပြီး



နောက် ပယ်ဖျက်ရမည်။ ထိုသို့ ပယ်ဖျက်ပြီးကြောင်း တံဆိပ်ရိုက်နှိပ်လက်မှတ်ရေးထိုး၍ သိမ်းဆည်းထားရမည်။ ဆောင်ရွက်ချက်ကို ဗဟိုအဖွဲ့ထံသို့ တင်ပြရမည်။ မိတ္တူကို ပြည်ထဲရေးဝန်ကြီးဌာနထံသို့ ပေးပို့ရမည်၊

(င) နိုင်ငံသားလက်မှတ် ပယ်ဖျက်ခြင်းခံရသူသည် နိုင်ငံခြားသားအဖြစ်သို့ ရောက်ရှိသွားသဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက လိုအပ်သလို ဆက်လက်ဆောင်ရွက်ရမည်။

နိုင်ငံတော်ပြင်ပတွင်နေထိုင်သောနိုင်ငံသားအဖြစ်မှရုပ်စဲခံရသူ၊ ရုပ်သိမ်းခံရသူ၏ နိုင်ငံသားလက်မှတ်ကို ပယ်ဖျက်ခြင်း

၃၄။ နိုင်ငံသား အဖြစ်မှ ရုပ်စဲခံရသူ သို့မဟုတ် ရုပ်သိမ်းခံရသူနှင့် ပတ်သက်၍ ဥပဒေပုဒ်မ ၂၀ ပုဒ်မခွဲ (က)အရ ထိုသူ၏ နိုင်ငံသားလက်မှတ်ကို ပယ်ဖျက်ရေးအတွက် နိုင်ငံတော်ပြင်ပတွင်ဖြစ်ပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်—

(က) ဗဟိုအဖွဲ့၏ညွှန်ကြားချက်ကိုရရှိသည့်အခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနသည် ထိုသူ၏ နိုင်ငံသားလက်မှတ်ကို ပယ်ဖျက်ကြောင်းကို အများပြည်သူသိရှိရန် ဆောင်ရွက်ရမည်၊

(ခ) ထိုသူ၏နိုင်ငံသားလက်မှတ်ကို ပယ်ဖျက်ပြီးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတဆင့် သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးထံသို့ အကြောင်းကြားရမည်၊

(ဂ) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသည် နိုင်ငံသားအဖြစ်မှ ရုပ်စဲခံရသူ သို့မဟုတ် ရုပ်သိမ်းခံရသူထံမှ နိုင်ငံသားလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ဗဟိုအဖွဲ့က ရုပ်သိမ်းကြောင်းကို သက်ဆိုင်သူအား အသိပေး၍ သိမ်းဆည်းရမည်၊

(ဃ) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသည် ပယ်ဖျက်ထားသော နိုင်ငံသား လက်မှတ်၊ နိုင်ငံသား စိစစ်ရေး ကတ်ပြားကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့ ပေးပို့ရမည်၊

(င) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနသည် ပယ်ဖျက်ထားသော နိုင်ငံသားလက်မှတ်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားကို လက်ခံရရှိသည့်အခါ ပုံစံ ထွေ-၆ မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းပြီးနောက် ပယ်ဖျက်ရမည်။ ထိုသို့ ပယ်ဖျက်ပြီးကြောင်း တံဆိပ်ရိုက်နှိပ် လက်မှတ်ရေးထိုး၍ သိမ်းဆည်းထားရမည်။ ဆောင်ရွက်ချက်ကို ဗဟိုအဖွဲ့ ထံသို့ တင်ပြရမည်။ မိတ္တူကို ပြည်ထဲရေးဝန်ကြီးဌာနထံသို့ ပေးပို့ရမည်၊

(စ) နိုင်ငံသားအဖြစ်မှ ရပ်စဲခံရသူ သို့မဟုတ် ရုပ်သိမ်းခံရသူသည် နိုင်ငံခြားသားအဖြစ်သို့ ရောက်ရှိသွားသဖြင့် ထိုသူအား မြန်မာနိုင်ငံသို့ ဝင်ခွင့်ရှိသောမည်သည့်ပြည်ဝင်ဗီဇာကိုမျှ ထုတ်ပေးခြင်း မပြုရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက နိုင်ငံခြားရေးဝန်ကြီးဌာနမှ တဆင့် သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးအားလုံးထံသို့ အကြောင်းကြားရမည်။ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ထံသို့လည်း နိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ရန် အကြောင်းကြားရမည်၊

(ဆ) လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဦးစီးဌာနသည် နိုင်ငံတော်ပြင်ပသို့ ရောက်ရှိနေထိုင်သော နိုင်ငံသားများအနက် နိုင်ငံသားအဖြစ်မှ ရပ်စဲခံရသူ သို့မဟုတ် ရုပ်သိမ်းခံရသူများ၏ စာရင်းကို ပုံစံ ထွေ-၆ မှတ်ပုံတင်စာအုပ်ဖြင့် ပြုစုထားရှိရမည်။

ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၅။ (က) ဥပဒေပုဒ်မ ၂၀ ပုဒ်မခွဲ (ခ)အရ နိုင်ငံသားအဖြစ်မှ ရပ်စဲခံရသူ သို့မဟုတ် ရုပ်သိမ်းခံရသူသည် ပယ်ဖျက်ထားသော နိုင်ငံသား လက်မှတ်ကို ပြန်လည်အပ်နှံရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ဆက်လက် အသုံးပြုလျှင်ဖြစ်စေ၊ သူတစ်ဦးအား မသမာသော နည်းလမ်းဖြင့် လွှဲပြောင်းပေးအပ်လျှင်ဖြစ်စေ ထောင်ဒဏ် တစ်ဆယ်နှစ်နှင့် ငွေဒဏ် ကျပ်နှစ်သောင်းကို ကျခံစေရမည်၊

(ခ) ဥပဒေပုဒ်မ ၂၀ ပုဒ်မခွဲ (ဂ)အရ မည်သူမဆို ပယ်ဖျက်ထားသော နိုင်ငံသားလက်မှတ်ကို ဖြစ်စေ၊ သေဆုံးသူနိုင်ငံသား၏ လက်မှတ်ကို ဖြစ်စေ ကိုင်ဆောင်အသုံးပြုလျှင် ထောင်ဒဏ် တစ်ဆယ်နှစ်နှင့် ငွေဒဏ် ကျပ်နှစ်သောင်းကို ကျခံစေရမည်။



၃၆။ ဥပဒေပုဒ်မ ၂၁ အရ မည်သူမဆို နိုင်ငံသားလက်မှတ် အတုပြုလုပ်လျှင် ဖြစ်စေ၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီလျှင်ဖြစ်စေ ထောင်ဒဏ် တစ်ဆယ့်ငါး နှစ်နှင့် ငွေဒဏ် ကျပ်ငါးသောင်းကို ကျခံစေရမည်။

၃၇။ မည်သူမဆို အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား မှတ်ပုံတင်ကတ်ပြား ပုံစံ နိုင်-၃ သို့မဟုတ် အသက်တစ်ဆယ်နှစ်ပြည့်နိုင်ငံသား စိစစ်ရေးကတ်ပြား ပုံစံ နိုင်-၃(က) သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြား ပုံစံ နိုင်-၆ (က)ကို အတုပြုလုပ်လျှင်ဖြစ်စေ၊ ထိုသို့ပြုလုပ်ရန် အားပေးကူညီလျှင်ဖြစ်စေ ပြစ်မှုဆိုင်ရာ ဥပဒေအရ အရေးယူခြင်းခံရမည်။

၃၈။ အပိုဒ် ၃၂၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇ ပါ ပြစ်မှုများနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၃၉။ နိုင်ငံသားအဖြစ်မှ ရပ်စဲခံရသူ သို့မဟုတ် ရုပ်သိမ်းခံရသူသည် နိုင်ငံခြား သားအဖြစ်သို့ ရောက်ရှိသွားသဖြင့် ထိုသူသည် နိုင်ငံခြားသားများနှင့် သက် ဆိုင်သော ဥပဒေများပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။ ပျက်ကွက်လျှင် ထိုဥပဒေတစ်ရပ်ရပ်အရ ပြည်နှင်ဒဏ်ပေးသည်အထိ အရေးယူ ခြင်းခံရမည်။ ထိုသူသည် ဥပဒေပုဒ်မ ၂၂ အရ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံ သား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ်ကို ပြန်လည်လျှောက်ထားခွင့်မရှိပါ။

## အခန်း (၃)

## နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ် မဟုတ် အဆုံးအဖြတ် ခံယူခြင်း

အဆုံးအဖြတ်ခံယူရန် ဗဟိုအဖွဲ့ထံသို့ လျှောက်ထားခြင်း

၄၀။ ပုဂ္ဂိုလ်တစ်ဦးသည် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံ သား ပြုခွင့်ရသူ ဟုတ် မဟုတ် အဆုံးအဖြတ်ခံယူရန် အကြောင်းပေါ်ပေါက် နိုင်ပါသည်။ ယင်းသို့ အကြောင်းပေါ်ပေါက်သည့်အခါ ဗဟိုအဖွဲ့ထံသို့ တိုက် ရိုက် လျှောက်ထားရမည်။ အကြောင်းကိစ္စ ပေါ်ပေါက်သူကိုယ်တိုင်က ဖြစ်စေ၊ အုပ်ထိန်းသူက ဖြစ်စေ၊ ထိုသူ၏ အခွင့်အရေးများကို ဆက်ခံသူက ဖြစ်စေ၊ အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်က ဖြစ်စေ၊ ဝန်ထမ်းအဖွဲ့အစည်း တစ်ရပ်ရပ်က ဖြစ်စေ ဥပဒေပုဒ်မ ၆၅ အရ ဗဟိုအဖွဲ့ထံသို့ လျှောက်ထားနိုင်သည်။

၄၁။ (က) ပုဂ္ဂိုလ် တစ်ဦးသည် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူ ဟုတ် မဟုတ် အဆုံးအဖြတ် ခံယူရန် အကြောင်းကိစ္စ ပေါ်ပေါက်သည့်အခါ ကိုယ်တိုင်ဖြစ်စေ၊ အုပ်ထိန်းသူက ဖြစ်စေ၊ ထိုသူ၏ အခွင့်အရေးများကို ဆက်ခံသူကဖြစ်စေ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) နိုင်ငံတော်အတွင်းဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံး၏ သတ်မှတ်ထားသော ငွေစာရင်းခေါင်းစဉ်ဖြင့် ငွေကျပ်သုံးဆယ်ကို မြို့နယ် မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရမည်။ ငွေပေးသွင်းပြီးကြောင်း မှုရင်းနှင့် မိတ္တူချလံနှစ်စောင်ပူးတွဲ၍ မြို့နယ်ဦးစီးဌာနမှူးရုံးမှတဆင့် ဗဟိုအဖွဲ့ထံသို့ လျှောက်ထားရမည်၊

(၂) နိုင်ငံတော်ပြင်ပတွင်ဖြစ်ပါက ငွေကျပ်သုံးဆယ်နှင့် ညီမျှသော နိုင်ငံခြားငွေကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက သတ်မှတ်ထားသော ငွေစာရင်းခေါင်းစဉ်ဖြင့် သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ ပေးသွင်းရမည်။ ငွေပေးသွင်းပြီးကြောင်း မှုရင်းနှင့် မိတ္တူပြေစာပူးတွဲ၍ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးမှတဆင့် ဗဟိုအဖွဲ့ထံသို့ လျှောက်ထားရမည်၊

(၃) မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးမရှိသော နိုင်ငံဖြစ်ပါက ငွေကျပ်သုံးဆယ်နှင့်ညီမျှသော နိုင်ငံခြားငွေကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက သတ်မှတ်ထားသော ငွေစာရင်း ခေါင်းစဉ်ဖြင့် နီးရာ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသို့ ပေးသွင်းရမည်။ ငွေပေးသွင်းပြီးကြောင်း မှုရင်းနှင့် မိတ္တူပြေစာ ပူးတွဲ၍ ယင်း မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးမှတဆင့် ဗဟိုအဖွဲ့ထံသို့ လျှောက်ထားရမည်၊

(ခ) မြို့နယ်ဦးစီးဌာနမှူးသည် ငွေရရှိမှုအခြေအနေကို သုံးလလျှင်တစ်ကြိမ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့လည်းကောင်း၊ မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံးသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှတဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံသို့လည်းကောင်း ပေးပို့ရမည်။



၄၂။ အာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်က ဖြစ်စေ၊ ဝန်ထမ်းအဖွဲ့အစည်း တစ်ရပ်ရပ်က ဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးနှင့် ပတ်သက်၍ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ်မဟုတ်အဆုံးအဖြတ်ရရှိရေးအတွက် လျှောက်ထားသည့်အခါ အကြောင်းကိစ္စ ပေါ်ပေါက်သူနှင့် ပတ်သက်သည့် အချက်များကို ဖော်ပြ၍ ဗဟိုအဖွဲ့ထံသို့ လျှောက်ထားရမည်။

## စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခြင်း

၄၃။ ဗဟိုအဖွဲ့သည် ပုဂ္ဂိုလ်တစ်ဦး နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ်မဟုတ် အဆုံးအဖြတ် ချမှတ်နိုင်ရေးအတွက် လိုအပ်ပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးစေနိုင်သည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် မိမိ၏ စုံစမ်းတွေ့ရှိချက်ကို ဗဟိုအဖွဲ့ထံသို့ တင်ပြရမည်။

၄၄။ (က) ဗဟိုအဖွဲ့က ဆောင်ရွက်ရန်

(၁) ပုဂ္ဂိုလ်တစ်ဦးသည် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ်မဟုတ်နှင့် ပတ်သက်၍ တင်ပြချက်များကိုဖြစ်စေ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာကိုဖြစ်စေ အမှုတွဲနှင့်အတူ ရရှိသည့်အခါ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ်မဟုတ် အဆုံးအဖြတ်ပေးနိုင်သည်၊

(၂) နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဟု ဆုံးဖြတ်သည့်အခါ လိုအပ်သလိုဆောင်ရွက်ရန် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနကို ညွှန်ကြားနိုင်သည်၊

(၃) ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံသို့ အကြောင်းပြန်ကြားရမည်၊

(ခ) **လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက ဆောင်ရွက်ရန်။** ဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်ကို ရရှိသည့်အခါ ဆုံးဖြတ်ချက်ပါအတိုင်း ဆက်လက်၍ဆောင်ရွက်ရမည်။

# အခန်း (၄)

## ဗဟိုအဖွဲ့

### ဗဟိုအဖွဲ့ကို ဖွဲ့စည်းခြင်း

၄၅။ ဝန်ကြီးအဖွဲ့သည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဥပဒေပုဒ်မ ၆၇ အရ ဗဟိုအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည်–

| | |
|---|---|
| (က) ဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) ဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) ဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

### ဗဟိုအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၄၆။ ဗဟိုအဖွဲ့တွင် ဥပဒေပုဒ်မ ၆၈ အရ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်–

(က) နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဟုတ်မဟုတ် အဆုံးအဖြတ်ပေးခြင်း၊

(ခ) ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားချက်နှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်း၊

(ဂ) နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ အဖြစ်မှ ရပ်စဲခြင်း၊

(ဃ) နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ အဖြစ်မှ ရုပ်သိမ်းခြင်း၊

(င) မှတ်ပုံတင်ခြင်း၊ ကတိသစ္စာပြုခြင်းတို့နှင့်စပ်လျဉ်းသော ပျက်ကွက်မှုအတွက် လျှောက်ထားချက်နှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်း။

၄၇။ ဗဟိုအဖွဲ့သည် အရေးယူခံရသူအား ဥပဒေ ပုဒ်မ ၆၉ အရ ချေပခွင့် ပေးရမည်။



၄၈။ ဗဟိုအဖွဲ့သည် ပုံမှန်အစည်းအဝေး၊ အရေးပေါ် အစည်းအဝေးများကို လိုအပ်သလို ကျင်းပနိုင်သည်။

၄၉။ ဗဟိုအဖွဲ့သည် မိမိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဗဟိုအဖွဲ့ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများကို လိုအပ်သလို ခန့်ထားနိုင်သည်။

# အခန်း (၅)

## အယူခံခြင်း

၅၀။ ဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ဝန်ကြီးအဖွဲ့ထံသို့ အယူခံခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်–

(က) မကျေနပ်သူက လိုက်နာရန်

(၁) ဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အကျိုးအကြောင်း ဖော်ပြပါရှိသည့် အယူခံလျှောက်လွှာဖြင့် မြို့နယ်ဦးစီးဌာနမှူးရုံးမှတစ်ဆင့် ဝန်ကြီးအဖွဲ့ထံသို့ အယူခံနိုင်သည်၊

(၂) ဗဟိုအဖွဲ့၏ဆုံးဖြတ်ချက်ကို မြို့နယ်ဦးစီးဌာနမှူးက ကိုယ်တိုင်ဖြစ်စေ၊ စာဖြင့် ဖြစ်စေ အကြောင်းကြားသည့် အခါ အကြောင်းကြားချက်ကို လက်ခံရရှိသည့်နေ့မှစ၍ ရက် ခြောက်ဆယ်အတွင်း အယူခံလျှောက်လွှာကို မြို့နယ်ဦးစီး ဌာနမှူးရုံးသို့ တင်သွင်းရမည်၊

(ခ) မြို့နယ်ဦးစီးဌာနမှူးက ဆောင်ရွက်ရန်

(၁) ဗဟိုအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်အခါ ရရှိသည့် ရက်စွဲကို မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်၊

(၂) ဗဟိုအဖွဲ့၏ဆုံးဖြတ်ချက်ကို သက်ဆိုင်သူထံသို့ အကြောင်း ကြားရမည်။ အကြောင်းကြားစာကို လက်ခံရရှိကြောင်း သက်ဆိုင်သူကို လက်မှတ်ရေးထိုးစေရမည်။ အကြောင်း ကြားစာ လက်ခံရရှိသည့်ရက်စွဲကို မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်၊

( ၃ ) မကျေနပ်သူထံမှ အယူခံလျှောက်လွှာကို လက်ခံရရှိသည့်အခါ လက်ခံရရှိသည့် ရက်စွဲကို မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်၊

( ၄ ) အယူခံလျှောက်ထားသူက ဗဟို အဖွဲ့၏ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်ရက်စွဲ၊ အယူခံလျှောက်လွှာကို မြို့နယ်ဦးစီးဌာနမှူးရုံးတွင် လက်ခံရရှိသည့်ရက်စွဲတို့ကို ဖော်ပြ၍ အယူခံလျှောက်လွှာကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနထံသို့ တိုက်ရိုက်ပေးပို့ရမည်၊

( ၅ ) ဝန်ကြီးအဖွဲ့၏ ဆုံးဖြတ်ချက်ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံမှ ရရှိသည့်အခါ သက်ဆိုင်သူထံသို့ စာဖြင့်အကြောင်းကြားရမည်၊

( ဂ ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဆောင်ရွက်ရန်

( ၁ ) မြို့နယ်ဦးစီးဌာနမှူးထံမှ ပေးပို့သော အယူခံလျှောက်လွှာကို လက်ခံရရှိသည့်အခါ ပြည်ထဲရေးဝန်ကြီးဌာနထံသို့ အမြန်ဆုံးတင်ပြရမည်၊

( ၂ ) ဝန်ကြီးအဖွဲ့၏ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးရုံးထံသို့ အကြောင်းပြန်ကြားရမည်။ မိတ္တူကို သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးရုံးထံသို့ ပေးပို့ရမည်၊

(ဃ) ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်ရန်

( ၁ ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနထံမှ အယူခံလျှောက်လွှာနှင့် အမှုတွဲကို လက်ခံရရှိသည့် အခါ ဝန်ကြီးအဖွဲ့သို့ တင်ပြရမည်၊

( ၂ ) ဝန်ကြီးအဖွဲ့၏ ဆုံးဖြတ်ချက်ကို ရရှိသည့်အခါ လိုအပ်သလို ဆောင်ရွက်နိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနထံသို့ ပေးပို့ရမည်။



၅၁။ ဝန်ကြီးအဖွဲ့သည်—

(က) အယူခံအမှုတွဲကို ရရှိသည့်အခါ အမှုနှင့်ပတ်သက်၍ လိုအပ်သော အချက်အလက် ထပ်မံဖြည့်စွက်ရန်လိုအပ်ပါက ထိုလိုအပ်ချက်များကို ပြည့်စုံသည်အထိ ဆောင်ရွက်နိုင်သည်၊

(ခ) လျှောက်ထားချက် သို့မဟုတ် စုံစမ်းတွေ့ရှိချက်တွင် ပါရှိသော အချက်အလက်များကို စိစစ်ပြီး ဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်နိုင်သည်။ ပယ်ဖျက်နိုင်သည်။ အတည်ပြုနိုင်သည်၊

(ဂ) ဆုံးဖြတ်ချက်ကို သက်ဆိုင်သူထံသို့ အကြောင်းပြန်ကြားရန် ညွှန်ကြားရမည်၊

(ဃ) ဆုံးဖြတ်ချက်နှင့် အတူ အမှုတွဲကို ပြည်ထဲရေးဝန်ကြီးဌာနထံသို့ ပြန်လည်ပေးပို့ရမည်။

၅၂။ ဝန်ကြီးအဖွဲ့၏ အဆုံးအဖြတ်သည် ဥပဒေပုဒ်မ ၇၀ ပုဒ်မခွဲ (ခ) အရ အပြီးအပြတ်ဖြစ်သည်။

၅၃။ ဥပဒေပုဒ်မ ၇၁ အရ ဥပဒေပါ ကိစ္စရပ်များကို လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် အဖွဲ့အစည်းများက ဆောင်ရွက်ရာတွင် တစုံတရာအကြောင်းပြရန် မလို။

## အခန်း (၆)

### အထွေထွေ

၅၄။ ဥပဒေပုဒ်မ ၇၂ အရ ၁၉၈၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှစ၍ ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်မှ အပ မည်သည့် နိုင်ငံခြားသားမျှ နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားခွင့် မရှိပါ။

၅၅။ ဥပဒေပုဒ်မ ၇၃ အရ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ၏ မွေးစားခြင်းခံရသော နိုင်ငံခြားသား တစ်ဦးသည် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ်ကို မရရှိပါ။ ယင်းသို့ မွေးစားခြင်းခံရသူသည် နိုင်ငံခြားသားပင်ဖြစ်သည်။

၇၆။ အခန်း (၂) ဥပဒေပုဒ်မ ၁၀၊ ၁၃၊ ပုဒ်မ ၂၀ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၂၀ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၂၁၊ အခန်း(၃) ဥပဒေပုဒ်မ ၃၆၊ ၃၇၊ ပုဒ်မ ၃၉ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၉ ပုဒ်မခွဲ (ဂ)၊ ၄၁၊ ၄၃ အခန်း(၄) ဥပဒေပုဒ်မ ၅၁၊ ၆၁၊ ပုဒ်မ ၆၂ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၆၂ ပုဒ်မခွဲ(ဂ)တို့ ၆၃ ရှိပါ ပြဋ္ဌာန်းချက်များသည် ထားရှိရမည့် ဖော်ပြထားသော ဥပဒေပါ ကျူးလွန်မှုများကို ဥပဒေအရ ရုံးတင်၍ အမိန့်ချမှတ်သော အမှုအခင်းများအား ဆုံးဖြတ် နိုင်သည်။


ကာမိန့်အရ

ကျော်တင့်

ဘာသာရေးမှူး

ဝန်ကြီးဌာန

မှိုခံများ


ဘေး
က ၇
ဘေးမ
က ၈
ဘေး
က ၉
ဘေးမ
က ၁၀
ဘေး
က ၁၁
ဘေးမ
က ၁၂
ဘေး
က ၁၃
ဘေးမ
က ၁၄
အဘိုး
က ၃
အဘွား
က ၄
အဘိုး
က ၅
အဘွား
က ၆
အဘ
က ၁
အမိ
က ၂
မိမိ
က
သား သမီး က ၁၅
မြေး က ၁၆
ဘေး
ဘိုးဘွား
မိဘ
မိမိ
သား သမီး
မြေး